စစ်ကောင်စီတပ်တွေက ကလေးမြို့တောင်ပိုင်းက ကျေးရွာတွေကို နယ်မြေရှင်းလင်းရေးတွေလုပ်ပြီး ရွာတွေကို မီးရှို့နေတာကြောင့် မေလအတွင်း ရွာပေါင်း ၉ ရွာလောက်က နေအိမ် ၂,၀၀၀ ဝန်းကျင်လောက် မီးလောင်ပြာကျပြီး ရွာသားသောင်းနဲ့ချီ ဘေးလွတ်ရာကို ထွက်ပြေးကြရတယ်လို့ ဒေသတွင်းဒုက္ခသည်တွေကိုအကူအညီပေးနေတဲ့အဖွဲ့အစည်းတွေက ပူးတွဲစာရင်းပြုစုပါထားပါတယ်။ မိုးရာသီရောက်တော့မှာမို့ စစ်ပြေးဒုက္ခသည်တွေအတွက် အခက်အခဲတွေ ပိုဖြစ်လာဖို့ရှိတယ်လို့ အကူအညီပေးရေးအဖွဲ့တွေကပြောပါတယ်။ ရန်ကုန်က သတင်းပေးပို့ထားပါတယ်။

ဒီကနေ့ မေ ၁၉ ရက်နေ့ မနက်ပိုင်းက ကလေးမြို့တောင်ပိုင်း မြစ်သာမြစ် အရှေ့ဘက်ကမ်းက အိမ်ခြေ ၂၀၀ ရှိတဲ့ လယ်ကြားရွာမှာ ကျန်နေသေးတဲ့ နေအိမ်တွေကို စစ်ကောင်စီတပ်တွေ ထပ်ပြီး မီးရှို့သွားတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

"ဒီနေ့ ၁၉ ရက်နေ့ကတော့ လယ်ခြား (လယ်ကြား) က ကျန်နေတဲ့အိမ်တွေကို ထပ်ပြီးတော့မှ ရှို့တာ။ တရွာလုံးတော့ ပြုန်းသွားပါပြီဗျ။ တရွာလုံး အိမ်ခြေ ၂၀၀ ကျော်ကျော်ရှိတာ၊ အကုန်လုံး လောင်သွားပြီ။ "

စစ်ကောင်စီတပ်တွေက ကလေးမြို့တောင်ပိုင်းက ကျေးရွာတွေကို တရွာဝင် တရွာထွက် နယ်မြေရှင်းလင်းရေးလုပ်နေပြီး ကျေးရွာတွေကို တလှည့်စီ မီးရှို့နေတာဖြစ်တယ်လို့ ဒေသခံတွေက ပြောပါတယ်။ မနေ့က ၁၈ ရက်နေ့ ကလည်း ကုက္ကိုရွာကို နောက်တခေါက် မီးထပ်ရှို့တာကြောင့် နေအိမ် ၁၃၀ လောက် မီးလောင်သွားတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

"၁၅ ရက်နေ့က လယ်ခြား (လယ်ကြား)ရွာကို အိမ်ခြေ ၂၀ လောက်မီးရှို့ပြီးရင် အဲ့ဒီက နောက် ဘက်ကို ကုက္ကိုရွာကိုကျော်ပြီးမှ ရှားတောရွာကို သွားပြီးတော့ မီးရှို့တာက အိမ်ခြေ ၁၀၀ လောက်မီးလောင်သွားတယ်ဗျ။ ရှားတောရွာကို ၁၆ ရက်နေ့က (မီးရှို့တာ)။ တခါပြန်ပြီးတော့ နောက်ကြောင်းပြန်သွားပြီးတော့မှ လယ်ခြားရွာကို ပြန်ရှို့ပြန်တယ်ဗျ၊ လယ်ခြားရွာက ၁၇ ရက်နေ့။ တခါ ၁၈ ရက်နေ့ကျတော့ ကုက္ကိုကိုသွားပြီးတော့မှ တခါ ရှို့ပြန်တယ်ဗျ။"

စစ်ကောင်စီတပ်တွေဟာ အိမ်ခြေ ၂၂၀ လောက်ရှိတဲ့ လယ်ကြားရွာကို ၃ ကြိမ် မီးရှို့ခဲ့တာကြောင့် ကျေးရွာရှိ နေအိမ်အားလုံး မီးလောင်သွားပြီလို့ ကျေးရွာ သားတွေကပြောပါတယ်။ ဒေသခံတွေပြောဆိုချက်အရ နတ်ချောင်းကျေး ရွာ က ၄ ကြိမ် မီးရှို့ခံရပြီး အိမ်ခြေ ၂၄၀ လောက် မီးလောင်ခဲ့ပါတယ်၊ ကုက္ကို ရွာ က အိမ်ခြေ ၁၃၀၊ ရှားတောရွာက အိမ်ခြေ ၁၁၀၊ ရေရှင်ရွာက အိမ်ခြေ ၄၀၀ နီးပါး၊ ရှားဖိုရွာက အိမ်ခြေ ၁၀၀၊ အရှေ့စီးရွာက အိမ်ခြေ ၅၁၀၊ တင်သား ရွာက ၇၈ အိမ် မီးရှို့ခံရတယ်လို့ဆိုပါတယ်။ ချောင်းခွ (ချောင်းဂွ) ရွာကိုလည်း စစ်ကောင်စီတပ်တွေ မီးရှို့ထားပေမယ့် ဘယ်နှစ်အိမ် မီးလောင်ကျွမ်းသလဲဆိုတာတော့ စာရင်း အတိအကျ မသိရသေးပါဘူး။

ဒေသတွင်း ကူညီရေးအဖွဲ့တွေစုစည်းပြီး ကောက်ခံရရှိတဲ့စာရင်းအရဆိုရင် မေလအတွင်း ကလေးမြို့တောင်ပိုင်းမှာ ကျေးရွာ ၉ ရွာက အိမ်ခြေနှစ်ထောင်ဝန်းကျင် မီးရှို့ဖျက်ဆီးခံရပြီး ကျေးရွာသား သောင်းဂဏန်း ဘေးလွတ်ရာထွက်ပြေးခဲ့ကြရပါတယ်။ မေလ ၈ ရက်ကနေ ၁၀ ရက်အတွင်း ရေရှင်ရွာအနီးမှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တွေ ထိတွေ တိုက်ပွဲ ပြင်းထန်ခဲ့ပြီး ရေရှင်ရွာကို

ရွာလုံးကျွတ် မီးရှို့ခဲ့ပြီးနောက် ကျန်ရွာတွေကိုပါ ဆက်တိုက် မီးရှို့နေတာဖြစ်တယ်လို့ ဒေသခံတွေက ပြောပြပါတယ်။

ဒေသခံတွေကတော့ စစ်ကောင်စီတပ်ကရှို့တာလို့ ပြောဆိုနေပေမယ့် တပ်မတော်ပြောခွင့်ရသူကတော့ ဒေသခံကာကွယ်ရေးအဖွဲ့တွေက ကျေးရွာတွေအခြေစိုက်ပြီး အကြမ်းဖက်လုပ်ရပ်တွေလုပ်တာကြောင့် နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးတွေ ဆောင်ရွက်နေတာလို့ပဲ ပြောနေပါတယ်။ ဒေသခံကာကွယ်ရေးအဖွဲ့တွေဘက် မီးရှို့ဖျက်ဆီးနေတယ်လို့လည်း တန်ပြန်စွပ်စွဲခဲ့ပါတယ်။

ထွက်ပြေးနေကြရတဲ့ ကျေးရွာသားတွေ သောင်းဂဏန်းအထိရှိလာပြီး မိုးတွင်းကာလလည်း ရောက်တာမှာမို့ စစ်ပြေးဒုက္ခသည်တွေ ပိုပြီး အခက်ကြုံလာဖွယ် ရှိတယ်လို့ စစ်ရှောင်တွေကို အကူအညီပေးနေသူတွေကပြောပါတယ်။

“စစ်ရှောင်တွေကလည်း ရွာလုံးကျွတ်နီးပါးတွေ ရှောင်နေကြရတာဆိုတော့ သောင်းဂဏန်းဘက်မှာပဲ ရှိမှာဗျ။ သောင်းဂဏန်း ကျော်မယ်ဗျ။ ခုက ရာသီအကူးအပြောင်းနဲ့ မိုးတွင်းဘက်ကိုလည်း ရောက်လာပြီဆိုတော့ လူတွေကလည်းတောထဲ တောင်ထဲတွေမှာ နေကြရတာဆိုတော့ မိုးကာတွေ မလောက်ငမှုတွေ၊ လူအများကြီးနဲ့ကျပ်ကျပ်ရပ်ရပ် နေကြရတာတွေ ဆိုတော့ အနေအထိုင်ကအစ တအား ခက်ခဲ နေကြတယ်။ အဓိကက နေဖို့ထိုင်ဖို့ မိုးကာပေါ့နော်၊ မိုးတွင်းရောက်လာပြီဆိုတော့ မိုးကာနဲ့ ဆေးဝါးကတော့ အဓိက ဗျ။ မိုးရာသီရောက်တော့ တော်တော်ကြီးကို ခက်ခဲနေတယ်။ မိုးကာတွေ အရမ်းလိုအပ်နေတယ်။ အစားအသောက်ဆိုရင်လည်း စပါးတွေပါ မီးရှို့ခံထားရတော့ အစားအသောက်တွေလည်း တအား ခက်ခဲနေကြတယ်ဗျ။ ပြီးတော့ ဖျားတာတွေရော၊ ဝမ်းလျှောဝမ်းပျက်တွေရော၊ ရေမသန့်တာတွေကြောင့်ရော၊ အိမ်သာတွေ(မရှိ/မလုံလောက်တာကြောင့်ရော) အဲ့လိုမျိုး အဆင်မပြေမှုတွေကြောင့်မို့လို့ ဝမ်းလျော်ဝမ်းပျက်ဖြစ်ကြတယ်ဗျ။ အစားအသောက်တွေနဲ့ နေမကောင်း ကျန်းမာရေးတွေက အစ အခက်အခဲတွေကတော့ အတော်ဖြစ်နေကြတယ်ဗျ။ ”

ထွက်ပြေးနေရတဲ့ဒုက္ခသည်တွေဟာ တောတောင်တွေထဲမှာ ယာယီနေသူတွေရှိသလို နီးစပ်ရာဆွေမျိုးသားချင်းရွာတွေ အိမ်တွေနဲ့ ဘုန်းကြီးကျောင်းတွေမှာ ခိုလှုံနေရသူတွေလည်းရှိပါတယ်။ သူတို့ကို ဒေသခံတွေအချင်းအချင်းပြန်လည် ကူညီပေးတယ်ဆိုပေမယ့် အချိန်ကြာလာတာနဲ့အမျှ အကူအညီရဖို့ ပိုပြီး ခက်ခဲလာတယ်လို့ စစ်ရှောင်ကူညီသူတွေက ပြောပါတယ်။ ဒေသအပြင်ဘက်က အကူအညီပေးဖို့လည်း သွားလာရေးအခက်အခဲတွေရှိနေပါတယ်။ အာဆီယံကတော့ မြန်မာပြည်လူသားချင်းစာနာကူညီမှုအကူအညီတွေ ပေးဖို့ ညှိနှိုင်းဆောင်ရွက်နေရာမှာ စစ်ကိုင်းတိုင်းကိုလည်း ဦးစားပေးအဆင့် သတ်မှတ်ထားပါတယ်။

[https://burmese.voanews.com/a/myanmarviolence-sagaingfighting-voaburmese-ကေလးစမိီဇေတာင္ပိုင္း-လဲျခား၀ြ်ာမီးရ႕ႈိဇ-အိမ္ေျခ၂-၀၀၀-စစ္ေကာင္စီနယ္ေျမရွင္း-ၿပီအိုေအ/6580541.html](https://burmese.voanews.com/a/myanmarviolence-sagaingfighting-voaburmese-ကေလးစမိီဇေတာင္ပိုင္း-လဲျခား၀ြ်ာမီးရ႕ႈိဇ-အိမ္ေျခ၂-၀၀၀-စစ္ေကာင္စီနယ္ေျမရွင္း-ၿပီအိုေအ/6580541.html)

------------------------------------------------------------------------------------------

## ကနီမြို့နယ်မှ ကျေးရွာ ၅ ရွာကို စစ်ကောင်စီတပ်သားများက မီးရှို့ဖျက်ဆီး၊ ဒေသခံ ပြည်သူ ၆၀၀၀ ကျော် စစ်ဘေးရှောင်နေရ

မေလ ၁၉ ရက်

စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ သရက်တောကျေးရွာ၊ ကင်းတောင်ကျေးရွာ၊ ဆင်ဆန်းကျေးရွာ၊ ဝက်ချောင်းလေးကျေးရွာနှင့် နတ်ကြီးကျေးရွာတို့ကို စစ်ကောင်စီတပ်က မေလ ၁၈ ရက် နံနက် ၁၁ နာရီမှ စတင်၍ မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ကနီမြို့နယ်တွင် စစ်ကောင်စီတပ်ကအင်အား ၄၀၀ ခန့်ဖြင့် ရွာစဉ်လိုက် နယ်မြေရှင်းလင်းစစ်ကြောင်း ထိုးမှုများကြောင့် ဒေသခံပြည်သူ ၆၀၀၀ ခန့် စစ်ကောင်စီတပ်ရန်မှ ရှောင်နေရကြောင်း ဒေသခံပြည်သူ့ ကာကွယ်ရေးရဲဘော်တစ်ဦးက ပြောသည်။

“ စစ်ကောင်စီတပ်က မြစ်အရှေ့ဖက်ကတစ်ကြောင်း၊ မြစ်အနောက်ဖက်ကတစ်ကြောင်း စစ်အင်အား ၂၀၀ စီနဲ့ စစ်ကြောင်းနှစ်ကြောင်းခွဲပြီး လှုပ်ရှားနေတယ်။ မေလ ၁၈ ရက် နံနက် ၁၁ နာရီလောက်မှာ ကနီမြို့ နယ်က ကျေးရွာငါးရွာကို မီးရှို့ဖျက်စီးမှုတွေလုပ်ခဲ့တယ်။ ကိုယ့်ရွာကိုယ်မကပ်ရဲသေးတဲ့အတွက် နေအိမ် ဘယ်လောက်ပါသွားတယ်ဆိုတာတော့ အတိအကျမသိရသေးဘူး။ နတ်ကြီးကျေးရွာကတော့ ဒုတိယ အကြိမ် မီးရှို့ခံရခြင်းဖြစ်ပါတယ်။ လက်ရှိမှာတော့ ကနီမြို့နယ်က ညောင်ပင်ဝန်း၊ ပန်းဆိုင်း၊ ငါးဖျက်၊ တန် ဆည်ချောင်၊ မုဋ္ဌော၊ နတ်ကြီး၊ သရက်တော၊ သမင်ခြံ၊ ရွာသာ၊ ဝက်ချောင်း စတဲ့ကျေးရွာတွေက ဒေသခံ ပြည်သူ ၆၀၀၀ ကျော် စစ်ဘေးရှောင်နေရတယ် ” ဟု ရဲဘော်တစ်ဦးက ဆိုသည် ။

ယမန်နေ့ကလည်း ဘုတလင်မြို့နယ်ရှိ ရေဘုတလင်နှင့် ချောင်းဝကြီးကျေးရွာတို့ကို ရွာလုံးကျွတ် နီးပါး စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

https://www.mizzimaburmese.com/article/107444

---------------------------------------------------------------------------------------------------------

## ကနီမြို့နယ် နတ်ကြီးကျေးရွာကို စစ်ကောင်စီက ဒုတိယအကြိမ် ထပ်မံမီးရှို့နေ

Published By DVB | 19 May, 2022



စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ နတ်ကြီးကျေးရွာကို စစ်ကောင်စီတပ်က ဒီနေ့ မေ ၁၉ ရက်နေ့ မနက် ၈ နာရီအချိန်ကနေစပြီး မီးရှို့နေတယ်လို့ နတ်ကြီးဒေသခံတွေက ပြောပါတယ်။

“မနေ့က ရေဘုတလင်ရွာ၊ ချောင်းဝကြီးရွာ၊ ဝက်ချောင်းကလေးရွာတွေကို ရွာစဉ်တန်း မီးရှို့ခဲ့တဲ့ စစ်တပ်ပါ။ အခု ကျမတို့ရွာ အရှေ့ပိုင်းက သူတို့ စမီးရှို့တယ်။ အဲဒါပြီးတော့ ရွာအလယ်ပိုင်းရော၊ မြောက်ပိုင်း၊ တောင်ပိုင်းရော အကုန်အနံ့ ရှို့နေပြီရှင့်။ တရွာလုံး ကုန်ပါပြီ။ ဒီလောက်တောင် ဘာကြောင့် ရက်စက်နေကြတာလဲ။ ကျမတို့ အပြစ်မဲ့ပြည်သူတွေက ဘာလုပ်နေလို့လဲ။ ဒီလိုမျိုးကြီး ပိုက်စိတ်တိုက် ရွာတိုင်းကို မီးရှို့နေတာကတော့ တရားလွန်လာပြီ။ ဘာကြောင့် မီးရှို့ရတာလဲဆိုတော့ ကျမတို့ပြည်သူတွေ ဘယ်သိမလဲရှင်။ သူတို့ ရှို့ချင်လို့ကို ရှို့ကြတာနေမယ်။ တခြားကတော့ သူတို့ကို ဘယ်သူကမှ ရန်မူတာမရှိဘူး ” လို့ နတ်ကြီးဒေသခံ အမျိုးသမီးတဦးက ပြောပါတယ်။

အခုမီးလောင်နေတဲ့ နတ်ကြီးရွာဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၃ ရက်ကလည်း စစ်ကောင်စီတပ်ရဲ့ မီးရှို့တာ ခံခဲ့ရပြီး အိမ်ခြေ ၃၀ နီးပါး မီးလောင်ဆုံးရှုံးခဲ့ရသလို အခု ဒုတိယအကြိမ်မှာတော့ အိမ်ခြေ ၁၅၀ နီးပါးကို မီးရှို့နေတာလို့ ဒေသခံတွေက ပြောပါတယ်။

လက်ရှိအချိန်မှာ စစ်ကောင်စီတပ်တွေက အဆိုပါ နတ်ကြီးကျေးရွာအတွင်းကနေ မထွက်သေးဘဲ ဆက်လက်မီးရှို့နေသေးတာကြောင့် မီးလောင်ဆုံးရှုံးရတဲ့ အရေအတွက် အတိအကျကို ဒီဗွီဘီအနေနဲ့ သီးခြားအတည်ပြုချက် ရယူနိုင်ခြင်း မရှိသေးပါဘူး။

စစ်ကိုင်းတိုင်းအတွင်းက တိုက်ပွဲအခြေအနေတွေနဲ့ ပတ်သက်ပြီး စစ်ကောင်စီက သတင်းထုတ်ပြန်တာ မရှိသလို ကျေးရွာတွေကို မီးရှို့တာကိုလည်း သူတို့တပ်ဖွဲ့ဝင်တွေ လုပ်တာမဟုတ်ဘဲ PDF တွေလုပ်တာလို့ စွပ်စွဲလေ့ရှိပါတယ်။

မီးရှို့ခံနေရတဲ့ နတ်ကြီးရွာဟာ မနေ့က စစ်ကောင်စီတပ်က မီးရှို့ခဲ့တဲ့ ရေဘုတလင်ရွာ၊ ချောင်းဝကြီးရွာ၊ ဝက်ချောင်းကလေးရွာနဲ့ အနီးဆုံးကျေးရွာလည်း ဖြစ်တယ်လို့ ဒေသခံတွေက ပြောပါတယ်။

https://burmese.dvb.no/archives/534139

-----------------------------------------------------------------------------------------------------

## ထားဝယ်-ထီးခီးလမ်းပိုင်း တိုက်ပွဲတွင် စစ်ကောင်စီတပ်ဖွဲ့ တပ်ရင်းမှူးအပါဝင် ၂၀ ဦးထက် မနည်းသေဆုံးဟုဆို

By ကိုရွှေမြိတ် | 19 May 2022

တနင်္သာရီတိုင်း၊ ထားဝယ်-ထီးခီး လမ်းပိုင်းက စစ်ကောင်စီစစ်ကြောင်းကို မေလ ၁၅ ရက်နေ့က တိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ တပ်ရင်းမှူး တစ်ဦး အပါဝင် ၂၀ ဦးထက် မနည်း သေဆုံးသွားကြောင်း ထားဝယ်အရှေ့တော ပြည်သူ့ ကာကွယ်ရေး အင်အားစု(ထားဝယ်-ပ.က.ဖ)မှ မေလ ၁၈ ရက်နေ့က ထုတ်ပြန်ချက် အရ သိရသည်။

အင်အား ၂၀၀ ကျော် ပါဝင်သော စစ်ကောင်စီတပ်ဖွဲ့ခြေလျင် စစ်ကြောင်းကို ဘဲ့မတတ်တောင် အနီး မိုင်းဆွဲ တိုက်ခိုက် ခဲ့သော်လည်း ပေါက်ကွဲမှု မရှိခဲ့ဟု ထားဝယ် အရှေ့တော ပြည်သူ့ ကာကွယ်ရေး အင်အားစု (ထားဝယ်-ပ.က.ဖ) အဖွဲ့က သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြ ထားသည်။



ထို့ကြောင့် စစ်ကောင်စီ စစ်ကြောင်းကို အသင့် ပြင်ဆင် ထားသည့် လက်လုပ် RPG (ခေါ်) ဝါးကျည်တောက် (တူမီးအကြီးစား) နှင့် တိုက်ခိုက် ခဲ့၍ ခြေမြန် တပ်ရင်းမှ တပ်ရင်းမှူး တစ်ဦး၊ တပ်ကြပ်ကြီး အဆင့် တစ်ဦး အပါအဝင် ၂၀ ကျော် သေဆုံးသွားကြောင်း ယင်းအဖွဲ့၏ ထုတ်ပြန်ချက် အရ သိရသည်။

ယင်းတိုက်ခိုက်မှုသည် မေလ ၁၄ ရက်နေ့က ကျောက်မဲ့တောင် ရဲစခန်း တိုက်ပွဲတွင် ကျဆုံးခဲ့ သည့် KNDO Special တပ်ရင်းမှ ဗိုလ်ဆယ်ပြား နှင့် PDF-T1 ထားဝယ်ခရိုင် မှ ရဲဘော် ဂျပန် တို့ အတွက် သွေးကြွေး ပြန်တောင်းသည့် အနေဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ရေးသား ထားသည်။



ပစ်ခတ် တိုက်ခိုက်ပြီး အချိန်မီ ပြန်လည် ဆုတ်ခွာ နိုင်ခဲ့၍ အရှေ့တော ပြည်သူ့ ကာကွယ်ရေး အင်အားစုဘက်က ထိခိုက်သူ မရှိကြောင်း၊ စစ်ကောင်စီ ဘက်က လက်နက်ကြီးများ အသုံးပြုပြီး အဆက် မပြတ် ပစ်ခတ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုကို ထားဝယ် အရှေ့တော ပြည်သူ့ ကာကွယ်ရေး အင်အားစု (ထားဝယ်-ပ.က.ဖ) နှင့် သာ သက်ဆိုင် ပါကြောင်း ရပ်ရွာနေ ပြည်သူလူထု နှင့် လုံးဝ (လုံးဝ) မသက်ဆိုင် ပါကြောင်း ထုတ်ပြန်ထားသည်။

https://www.mizzimaburmese.com/article/107394

-----------------------------------------------------------------------------------------------------

## ဖယ်ခုံတွင် စစ်ရေးတင်းမာနေ

By ဧရာဝတီ | 19 May 2022

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်နယ်စပ်အနီးရှိ ဖယ်ခုံမြို့နယ်တဝိုက်တွင် စစ်ကောင်စီတပ်နှင့် ကရင်နီမဟာမိတ်တပ် များကြား စစ်ရေးတင်းမာနေသည်။

ပြီးခဲ့သည့် မေ ၁၁ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ စစ်ကောင်စီ၏ ထီရိစစ်ဆေးရေးဂိတ်ကို ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF)က ဝင်ရောက်တိုက်ခိုက်ပြီးနောက် ဒုတပ်ရင်းမှူး အပါအဝင်

တပ်ဖွဲ့ဝင် ၅ဦးကို လက်နက်များနှင့် အတူ ဖမ်းဆီသွားရာမှ စစ်ကောင်စီဘက်က ဆက်တိုက်ဆိုသလို တိုက်ခိုက်မှုများ ပြုလုပ်လာခြင်း ဖြစ်သည်။

မေ ၁၈ ရက်နံနက် ၇ နာရီ ၁၅ မိနစ်ခန့်ကလည်း ဖယ်ခုံမြို့အရှေ့ဘက်ကမ်းရှိ ဆီမီးလော့ရွာဝန်းကျင်တွင် စစ်ကောင်စီ တပ်နှင့် ကရင်နီမဟာမိတ်ပူးပေါင်းတပ်များ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ဖယ်ခုံမြို့နယ်ရှိ ကရင်နီအမျိုးသားများ ကာကွယ် ရေးတပ် (KNDF) ဘက်က ဆိုသည်။

ဖြစ်စဉ်မှာ မိုးဗြဲဆည် အရှေ့ဘက်ဒေသသို့ ထိုးစစ်ဆင်လာသည့် စစ်ကောင်စီ၏ ၄၂၂ တပ်ရင်းနှင့် KNDF တပ်ရင်း -၃ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ထိတွေ့တိုက်ပွဲ ဖြစ်ခဲ့ခြင်းဖြစ်ပြီး ထိုတိုက်ပွဲမှာ နေ့လယ် ၁ နာရီထိ ကြာမြင့်ခဲ့ကြောင်း၊ လွိုင်ကော်အခြေစိုက် စစ်ကောင်စီတပ်က အမြောက်များဖြင့် ပစ်သလို မိုးဗြဲအခြေစိုက် အမှတ် ၄၂၂ ခြေလျင် တပ်ရင်းကလည်း လက်နက်ကြီးဖြင့် အဆက်မပြတ် ပစ်ခတ်မှုရှိကြောင်း KNDF ထံမှ သိရသည်။

ယင်းတိုက်ပွဲအတွင်း KNDF ရဲဘော် ၁ ဦး ကျဆုံးခဲ့ကြောင်း၊ ရဲဘော် ၂ ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး ၁ ဦးမှာ စိုးရိမ်ရကြောင်း၊ လက်ရှိတွင် ဖယ်ခုံမြို့နယ်ဝန်းကျင်၌ စစ်ရေးတင်းမာနေပြီး အချိန်မရွေး တိုက်ပွဲဖြစ်နိုင်သည့် အခြေအနေရှိကြောင်း သိရသည်။

လက်ရှိ စစ်ကောင်စီက ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်နှင့် ဟိုပုန်းဘက်မှ စစ်ကြောင်း တကြောင်း အပြင် မိုးဗြဲမြို့ဘက်မှ စစ်ကြောင်း ၁ ကြောင်း စုစုပေါင်း စစ်ကြောင်း ၂ ကြောင်းဖြင့် မိုးဗြဲဆည် အရှေ့ဘက်ရှိ ကရင်နီမဟာမိတ် ခုခံရေးတပ်များ အား ချီတက်တိုက်ခိုက်နေခြင်း ဖြစ်ကြောင်း KNDF တာဝန်ရှိသူ တဦးက ပြောသည်။

“မြေပုံအရဆိုရင် ဖယ်ခုံမြို့ရဲ့ အရှေ့ဘက်အခြမ်းမှာဆိုရင် ဖယ်ခုံအင်း ရှိတယ်။ မိုးဗြဲရေကာတာကို ကာထားတဲ့အင်းပေ့ါ။ အဲဒီ ရဲ့ အရှေ့ဘက်ကိုပိတ်ပြီးမှ စစ်ကြောင်း ၂ ကြောင်း ထိုးဖို့လုပ်တဲ့ အခြေအနေမျိုး ရှိတယ်။ တိတိကျကျ ပြောရရင် မြောက် ဘက်ကနေပြီးမှ ဟိုပုန်းတို့၊ ပင်လုံတို့ဘက်က တပ်တွေက ဆင်းလာတယ်။ တောင်ဘက်ကနေ ၄၂၂ မှာရှိတဲ့ တပ်ရယ်၊ လွိုင်ကော်ဘက်မှာရှိတဲ့ တပ်မ ၆၆ တို့က ပေါင်းပြီးတော့ တင့်ကားတွေနဲ့ တောင်ဘက်ကနေ ထိုးပြီးတော့ အင်းရဲ့ အရှေ့ဘက်ခြမ်းမှာရှိတဲ့ နေရာတွေကို ပိတ်ဆို့တိုက်ခိုက်ဖို့ လုပ်နေတဲ့ အခြေအနေ ဖြစ်ပါတယ် ” ဟု ၎င်းက ရှင်း ပြသည်။

စစ်ကောင်စီတပ်များဘက်မှ ဦးအောင်ခမ်းထီ၏ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) တပ်များ ပူးပေါင်းပါဝင်နေပြီး ကရင်နီ မဟာမိတ် ပူးပေါင်းတပ်များဘက်မှ KNDF၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF) နှင့် ရှမ်းပြည်နယ်တောင်ပိုင်း အခြေစိုက် တော်လှန်ရေးအင်အားစု ၅ ဖွဲ့ ပူးပေါင်းထားသော ရှမ်းတောင်တော်လှန်ရေးလူငယ်များအဖွဲ့ (SSRY) တပ်ရင်း ၁၀၈) တို့ ပါဝင်ကြောင်း မြေပြင်သတင်းရင်းမြစ်များထံမှ သိရသည်။

စစ်ကောင်စီတပ်များနှင့် ကရင်နီခုခံရေးမဟာမိတ်များ၏ ထိတွေ့တိုက်ပွဲသည် မေ ၁၆ ရက်က စတင်ဖြစ်ပွားခဲ့ပြီး မေ ၁၈ ရက်တိုင်အောင် တိုက်ပွဲများ ဆက်တိုက်ဖြစ်နေခြင်း ဖြစ်ကြောင်း KNDF ဘက်က ဆိုသည်။

တိုက်ပွဲအတွင်း ကရင်နီမဟာမိတ်တပ်များဘက်မှ ထိခိုက်ကျဆုံးမှုများ ရှိသလို စစ်ကောင်စီတပ်နှင့် PNO တပ်များဘက်မှ လည်း ထိခိုက်ကျဆုံးမှု ရှိကြောင်း၊ စစ်ကောင်စီတပ်များသည် ကရင်နီမဟာမိတ်တပ်များကို ဝိုင်းပတ်ချေမှုန်းနိုင်ရန် ကြိုးစား နေသော်လည်း လက်ရှိအချိန်ထိ စစ်ကောင်စီ၏ ရည်ရွယ်ချက် မအောင်မြင်သေးကြောင်း KNDF တာဝန်ရှိသူတဦးက ပြော သည်။

စစ်ကောင်စီနှင့် PNO ပူးပေါင်းတပ်များသည် မေလ ၁၆ ရက် ညနေ ၅ နာရီအချိန်ခန့်က ဖယ်ခုံမြို့နယ်အရှေ့ဘက်ကမ်း ရှိ ဆောင်နန်းကဲရွာသို့ ဝင်ရောက်ကာ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အိမ်မီးရှို့မှုများ ပြုလုပ်ခဲ့သလို စစ်ကောင်စီနှင့် PNO ပူးပေါင်းတပ်များ၏ မီးရှို့မှုကြောင့် အိမ် အလုံး ၃၀ ကျော် မီးလောင်ပျက်စီးသွားကြောင်း KNDF ဘက်က ဆိုသည်။

မေ ၁၇ ရက်တွင် စစ်ကောင်စီဘက်က ရဟတ်ယာဉ်ဖြင့် ဖယ်ခုံမြို့နယ်ထဲရှိ ၎င်းတို့၏ တပ်များကို အင်အားနှင့် ခဲယမ်းဖြည့် တင်းမှုများ ပြုလုပ်ခဲ့ပြီး မေ ၁၈ ရက်နံနက်ပိုင်းတွင် တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း KNDF တာဝန်ရှိသူတဦးက ပြောသည်။

ဆက်လက်၍ ၎င်းက စစ်ကောင်စီနှင့်အတူ PNO တပ်ဖွဲ့ဝင်များ ပူပေါင်းပါဝင်နေသည့်အပေါ် သီးခြားမှတ်ချက် မပေး လိုသော်လည်း စစ်ကောင်စီတပ်နှင့် အတူတကွ ရှိနေမည်ဆိုပါက KNDF ၏ တိုက်ခိုက်ခြင်းကို ခံရမည်ဖြစ်ကြောင်း သတိပေး ပြောဆိုသည်။

"စစ်ကောင်စီနဲ့ ပေါင်းပြီးမှ သွားလာတိုက်ခိုက်နေတယ် ဆိုရင်တော့ ဘယ်သူမဆို ကျနော်တို့ ချေမှုန်းသွားဖို့ပဲ ရှိတယ်။ ဒီလို ပါဝင်နေတဲ့အပေါ်တော့ မှန်တယ်မှားတယ် ပြောစရာ မရှိဘူး။ စစ်ကောင်စီနဲ့ ပေါင်းနေရင်တော့ ကျနော်တို့ရဲ့ ရန်သူဖြစ်နေ မယ် ဆိုတာကတော့ ရှင်းရှင်းလင်းလင်း သတ်မှတ်လို့ရပါတယ် " ဟု KNDF တာဝန်ရှိသူက ဆိုသည်။

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) ကမူ ပအိုဝ်းပြည်သူလူထု အပါအဝင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့အား ရည်ရွယ်သည့် အိတ်ဖွင့်ပေးစာတစောင်ကို မေ ၁၄ ရက်က ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာတွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ အိတ်ဖွင့်ပေးစာတွင် ကရင်နီပြည်ရှိ လူမျိုးပေါင်းစုံ၏ စစ်ဘေးဒုက္ခများအား ပအိုဝ်းပြည်သူလူထုနှင့် သက်ဆိုင်ရာတို့ က နည်းလမ်းပေါင်းစုံနှင့် စောင့်ရှောက်ထားခြင်းအား ကျေးဇူးတင်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တည် ငြိမ်အေးချမ်းလိုသည့်ဆန္ဒကို KSCC က နားလည်ပါကြောင်း ဆိုထားသည်။

လက်ရှိအချိန်တွင် စစ်ကောင်စီတပ်အား တော်လှန်မှုသည် တနိုင်ငံလုံးရှိ ပြည်သူများ၏ ရွေးချယ်မှုဖြစ်ပြီး ကရင်နီပြည်သူ များ၏ ရွေးချယ်မှုလည်း ဖြစ်ကြောင်း၊ တိုက်ပွဲများကြောင့် ပအိုဝ်းတိုင်းရင်းသား အပါအဝင် ပြည်သူလူထုများအား ထိခိုက် လာနိုင်သဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ ပအိုဝ်းပြည်သူများ၊ အသင်းအဖွဲ့များ အနေဖြင့် စစ်ကောင်စီ တပ်များအား ရှောင်ရှားကာ ပူးတွဲလှုပ်ရှားခြင်းများ မပြုလုပ်သင့်ကြောင်း KSCC က ဆိုထားသည်။

ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ဘက်ကလည်း စစ်ကောင်စီ စစ်ကြောင်းများ ရောက်ရှိလာပါက ပြည်သူ လူထု နေထိုင်သည့်ကျေးရွာများ ပျက်ဆီးနိုင်သဖြင့် အဆိုပါ စစ်ကြောင်းများအား ကြားဖြတ်ပြီး ကြိုတင်တိုက်ခိုက်ခြင်းကို KNDF အနေဖြင့် မဖြစ်မနေ လုပ်ဆောင်သွားမည်ဟု ဆိုသည်။

"ကျနော်တို့ကတော့ စစ်ကောင်စီ အင်အားဖြည့်တာတွေကို ကြားဖြတ်တိုက်ဖို့ လုပ်ရမှာ ဖြစ်တယ်။ တာဝန်တရပ် ဖြစ်တယ်။ စစ်ကောင်စီ ထိုးစစ်ကြောင့် ရွာအများအပြား ပျက်စီးတဲ့အတွက်ပေါ့။ ကြားဖြတ်တိုက်တာက စစ်ရေးပရိယာယ်တခု ဖြစ်တဲ့ အတွက် မဖြစ်မနေလုပ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်ကောင်စီ ရှိနေသရွေ့ ထိုးစစ်တွေ ရှိနေဦးမယ်။ တိုက်ပွဲတွေ ပိုအရှိန်မြင့်ဖို့ ရှိပါတယ် " ဟု KNDF တာဝန်ရှိသူတဦးက ပြောသည်။

https://burma.irrawaddy.com/news/2022/05/19/251944.html

---

## ဖယ်ခုံအရှေ့ခြမ်းတိုက်ပွဲ ပြင်းထန်နေဆဲ

၁၉ မေ၊ ၂၀၂၂ | ဗွီအိုအေ (မြန်မာဌာန)

ဒေသခံပြည်သူ့ကာကွယ်ရေးပူးပေါင်းအဖွဲ့တွေနဲ့ စစ်ကောင်စီကြား တိုက်ပွဲတွေ ရက်ဆက် ပြင်းထန်နေတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အရှေ့ခြမ်း ဆီးမီးလော့ကျေးရွာအနီးမှာ ဒီနေ့လည်း တိုက်ပွဲဆက်ဖြစ်နေပါတယ်။ တိုက်ပွဲတည်ငြိမ်တဲ့အချိန်မှာလည်း စစ်ကောင်စီဘက်က ဦးတည်ရာမရှိ လက်နက်ကြီးတွေနဲ့ လှမ်းပစ်ခတ်နေတာကြောင့် ဒေသခံတွေနေရာပြောင်းရွှေ့နေရတယ်လို့ဆိုပါတယ်။ ဒီအကြောင်း ရန်ကုန် သတင်းပေးပို့ထားပါတယ်။

ဖယ်ခုံမြို့နယ်အရှေ့ခြမ်းဘက်မှာ မေလ ၁၂ ရက်နေ့နောက်ပိုင်းကနေစတင်ပြီး ဒီနေ့အထိ ရက်ဆက် တိုက်ပွဲဖြစ်ပွားနေတာပါ။ မေလ ၁၉ ရက် ဒီနေ့ မနက်ပိုင်း ၉ နာရီကျော်လောက်က ဆီမီးလော့ကျေးရွာနားမှာ လက်နက်ကြီး လက်နက်ငယ် ပစ်ခတ်သံနဲ့ ဆက်ကြားနေရတယ်လို့ ဆီမီးလော့ရွာခံ တဦးက ဗွီအိုအေကို ပြောပါတယ်။

"တိုက်ပွဲပြန်စပြီး ဒီဘက် လက်နက်ကြီးရော လက်နက်ငယ်ရော ၉ နာရီ ၁၅ မိနစ်လောက် တိုက်ပွဲစတာ ၁၀ နာရီ ၁၅ မိနစ်လောက်ဆို တိုက်ပွဲဖြစ်ပြီးသွားတာပေါ့။ လက်နက်ကြီးရော လက်နက်ငယ်ရော ပစ်သံကြားနေရတာ ဒီဆီးမီးလော့ရွာမှာပဲ။ စိုးရိမ်ပင်ပူမှုတော့ ရှိပါတယ်။ ဘာလို့လဲဆိုတော့ နီးနီးလေး တိုက်ပွဲနဲ့ မလှမ်းမကမ်းမှာပဲနေတာ စိုးရိမ်မှုရှိတာပေါ့။ တချို့သော ကိုယ်ဝန်ဆောင်မိခင်တွေ နောက်ပြီးတော့ မသန်မစွမ်းသူတွေ နောက်ကလေးတွေရော ကျနော် တို့ ဘေးကင်းလုံခြုံစိတ်ချရမယ့် နေရာတော့ ရွှေ့ပြောင်းထားတယ်။"

လက်နက်ကြီးတွေ ကျေးရွာထဲ ထိမှန်တာမျိုးရှိတာကြောင့် အသက်ကြီးသူတွေ ကလေးသူငယ်တွေ မသန်မစွမ်းသူတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေကို လုံခြုံစိတ်ချရတဲ့ နေရာတွေဆီ ပြောင်းရွှေ့ထားရတာလို့ ပြောပါတယ်။

ဖယ်ခုံမြို့နယ်ထဲ စစ်ကောင်စီတပ်တွေ အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင် သွားလာလှုပ်ရှားနေတာကြောင့် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်နဲ့ တိုက်ပွဲဖြစ်တာလို့ ဖယ်ခုံမြို့နယ်ပြည်သူ့ကာကွယ်ရေး တပ်ရင်း (၂) ပြောရေးဆိုခွင့်ရှိသူ တဦးက ဗွီအိုအေကို ပြောပါတယ်။

"ဆီးမီးလော့ရွာဘက်မှာ စစ်ကြောင်းတွေက ထိုးနေတာတော့ ကြာပြီ။ မြောက် ဘက်ကနေပြီးတော့ ဆောင်နန်းခဲလယ်တောဘက်က တကြောင်းထိုးတယ်။ မိုးဗြဲအင်း တာဘောင်ဘက်က တကြောင်းထိုးတယ်။ မိုးဗြဲလေး တာဘောင်ထိပ်က ဆီးမီးလော့မှာဖြစ်နေတာ။ ထိုးလာတာ အဲဒီချိန်ထိ သူကတိုက်ပွဲတဲ့အချိန် တခါတည်းထိုးလာပြီးတော့ အခုတိုက်ပွဲတွေ ပြင်းထန်နေတာ။ နေ့တိုင်းဖြစ်တယ်။"

စစ်တပ်က နယ်မြေရှင်းလင်းရေးဆိုတဲ့ စစ်ရေးလှုပ်ရှားမှုကြောင့် ဆောင်နန်းခဲကျေးရွာ၊ လွယ်ပေါ်ကျေးရွာ၊ ဆီးမီးလော့ကျေးရွာတွေဘက် နေ့စဉ်ဆက်တိုက် တိုက်ပွဲဖြစ်ပွားနေပြီး တဖြေးဖြေးနဲ့ တိုက်ပွဲဧရိယာတွေ ကျယ်လာတာလို့ ဒေသခံက ပြောပါတယ်။

ဒီတိုက်ပွဲကာလအတွင်းမှာ စစ်ကောင်စီဘက်က လက်နက်ကြီးတွေ အဆမတန် အသုံးပြုပစ်ခတ်လို့ အရပ်သားပြည်သူ သေဆုံးထိခိုက်မှုတွေ ရှိနေပါတယ်။ တိုက်ပွဲငြိမ်နေတဲ့အချိန်မှာလည်း စစ်ကောင်စီဘက်က လက်နက်ကြီးတွေနဲ့ ဦးတည်ရာမရှိ မကြာမကြာပစ်ခတ်နေတာကြောင့် စစ်ရှောင်ပြည်သူတွေ စိုးရိမ်နေကြတယ်လို့ လွယ်ပေါ်ရွာခံတဦးက ပြောပါတယ်။

"စစ်မျက်နှာတော့ တော်တော်ကျယ်ပြန့်သွားတယ်လို့ ပြောလို့ရတယ်ပေါ့နော်။ ရမ်းသမ်းပြီးတော့ပေါ့နော်၊ တိုက်ပွဲမဖြစ်ချင်နေ ဖြစ်ချင်နေ သူတို့ထင်တဲ့နေရာတွေ သူတို့ဒီပစ်မှတ်တွေလုပ်ပြီးတော့ အရမ်းလျှောက်ပစ်တော့ တအားဆိုးဝါးသွားတယ်ပေါ့နော်။ မဆိုင်တဲ့ မသိနားမလည်တဲ့ လူထုတွေအတွက်လည်း အများကြီးအန္တရာယ်ရှိတာပေါ့နော်။ အထူးသဖြင့် လူအိုတွေနဲ့ ကလေးတွေပေါ့နော် ကြောက်စိတ်တွေ အမြဲတမ်းရှိနေရတယ်ပေါ့နော်။ ဘာဖြစ်လဲဆိုတော့ လက်နက်ကြီးက ဘယ်အချိန်လာမလဲ၊ လက်နက်ကြီးထွက်သွားရင် ဘာထိမလဲ၊ ငါတို့ အိမ်ပဲထိမလား၊ ငါတို့ပဲထိမလားဆိုတဲ့ ပုံစံမျိုးနဲ့ စိုးရိမ်စိတ်တော့ အများကြီး ပူပင်တောကတွေ ရှိတာပေါ့၊ ကျနော်တို့က။"

တိုက်ပွဲကြောင့် ဖယ်ခုံမြို့နယ် အရှေ့ခြမ်းက ဒေသခံ တသောင်းကျော် ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေကြပါတယ်။ စစ်ရှောင်ပြည်သူတွေအတွက် ခြင်ထောင်၊ အဝတ်အစားတွေနဲ့ စားနပ်ရိက္ခာတွေ လိုအပ်နေတယ်လို့ လွယ်ပေါ်ရွာခံက ပြောပါတယ်။

"ဒီမှာရှိတဲ့ လူထုတွေက အတတ်နိုင်ဆုံး လွတ်တဲ့နေရာတွေ လျှောက်သွားကြတယ်ပေါ့နော်။ အခု အထူးသဖြင့် မိုးလည်း နည်းနည်းကျလာပြီဆိုတော့ ဒီခြင်က တဘက်ပေါ့နော်။ ခြင်ထောင်တွေ နောက်ပြီးတော့ သူတို့ရဲ့

အဝတ်အစားအပိုတွေ နောက်ပြီးတော့ အထူးသဖြင့် ဆန်တွေ ဆန်၊ ဆီ၊ ဆားတွေပေါ့နော်။ ဆေးဝါးတွေပေါ့။ အဲ့လိုမျိုးတွေ လိုအပ်ချက်တွေ နေရာတိုင်းတော့ ရှိမယ်။"

စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့ဆန္ဒမှုတွေ အကြမ်းဖက်နှိမ်နင်းခံရတဲ့နောက်ပိုင်း နိုင်ငံအဝှမ်းမှာ စစ်ကောင်စီကို ခုခံတွန်းလှန်မှုတွေရှိလာရာမှာ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံအပါအဝင် ကယားပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဟာ အပြင်းထန်ဆုံးဖြစ်နေပါတယ်။ ဒါကြောင့်လည်း စစ်ကောင်စီတပ်တွေက ဖယ်ခုံမြို့နယ်တွင်းမှာ လူအင်အား လက်နက်အင်အားတွေနဲ့ နယ်မြေရှင်းလင်းရေးစစ်ဆင်မှုတွေလုပ်လာတဲ့နောက်ပိုင်း ဒေသတွင်း ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေနဲ့ ပိုပြီး ထိတိုက်ဖြစ်နေပါတယ်။

https://burmese.voanews.com/a/myanmarviolence-kayahfighting-voaburmese-ဖယ္ခုံအေရွ႕ျခမ္း-ဆီမီးေလာ့ေက်း႐ြာ-ေဒသခံကာကြယ္ေရးတပ္-ဗြီအိုေအ-/6580628.html

---

## တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင်အယောက် ၈၀ ကျော် သေဆုံးဟုNUG ထုတ်ပြန်

Published By DVB | 19 May, 2022



မေ ၁၈ ရက် မနေ့ကတရက်တည်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ စစ်ကောင်စီ အကြမ်းဖက်တပ်ဖွဲ့ဝင် ၈၃ ယောက် သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။

ခုထုတ်ပြန်ထားတဲ့ အချက်အလက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာ ရရှိတဲ့သူ အရေအတွက်ကတော့ ၃၅ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ်ဖမ်းဆီး တိုက်ခိုက် သတ်ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မနေ့က တရက်တည်းမှာ မန္တလေးတိုင်းမှာ ၁ ကြိမ်၊ ရန်ကုန်တိုင်းမှာ ၂ ကြိမ်၊ စစ်ကိုင်းတိုင်းမှာ ၁၁ ကြိမ်နဲ့ အများဆုံး ဖြစ်ပွားခဲ့တယ်လို့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြပါတယ်။

ဒါ့အပြင် ပြည်သူ့ခုခံတွန်းလှန်စစ် ၁၁ လတာ ကာလအတွင်း စစ်ကောင်စီတပ်သား ၁၃ ,၀၀၀ ကျော် သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ အယောက် ၄ ,၂၈၀ ထိ ရှိခဲ့တယ်လို့ NUG အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

ဒါဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်ကနေ အခုနှစ် ဧပြီ ၂၅ ရက်အထိ စုဆောင်းရရှိထားတဲ့ အချက်အလက်တွေအရ ဖော်ပြထားခဲ့တာ ဖြစ်ပြီး မြန်မာပြည်အနှံ့ တိုက်ပွဲတွေမှာ တပ်ဖွဲ့ဝင်တွေ သေဆုံးဒဏ်ရာရမှု အခြေအနေနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာ မရှိပါဘူး။

NUG အစိုးရ တည်ထောင်ပြီး ၁ နှစ်တာကာလအတွင်းမှာ ပြည်သူ့ကာကွယ်ရေးတပ်မတော် တပ်ရင်း၊ တပ်ဖွဲ့ပေါင်း ၂၅၇ ရင်းကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီးဖြစ်ကာ မြို့နယ်အခြေပြု ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) တွေကိုလည်း မြို့နယ်ပေါင်း ၂၅၀ မှာ စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ဒေသအခြေစိုက် ကာကွယ်ရေးအဖွဲ့တွေ၊ မြို့ပြပြောက်ကျားအဖွဲ့တွေ ၄၀၀ ကျော်နဲ့လည်း ဟန်ချက်ညီစွာ တိုက်ပွဲဖော်ဆောင်ဖို့ ချိတ်ဆက်နိုင်ခဲ့ပြီးဖြစ်တယ်လို့ NUG က ထုတ်ပြန်ထားပါတယ်။

https://burmese.dvb.no/archives/534149

------------------------------------------------------------------------------------------

## စစ်အုပ်စု အကြမ်းဖက်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၈၅၀ ခန့်ရှိလာ

Published By DVB | 19 May, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်း ၁ နှစ်ကျော်ကာလ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ ကျဆုံးပြည်သူ ၁,၈၄၈ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၃,၇၃၇ ယောက်ထိ ရှိလာခဲ့ပြီလို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မေ ၁၈ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေး ကာလအတွင်း ဒီနေ့အထိ ၁၀,၆၈၅ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၁,၀၆၉ ယောက်ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက် အပါအဝင် ၆၈ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁,၉၇၉ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်း ခံထားရသူ ၄၁ ယောက် အပါအဝင် အယောက် ၁၂၀ ကတော့ မျက်ကွယ်ပြစ်ဒဏ် ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၀၉ ယောက်ထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် အာဏာသိမ်းချိန်မှ ၂၀၂၂ ခုနှစ် ဧပြီလကုန်ထိ အကြမ်းဖက်စစ်အုပ်စုက မတရား ချိပ်ပိတ်သိမ်းဆည်းခဲ့ရတဲ့ နေအိမ်၊ အဆောက်အဦ အရေအတွက် စုစုပေါင်း ၅၇၀ ထက်မနည်းရှိခဲ့တယ်လို့လည်း အေအေပီပီက ဆိုပါတယ်။

ပြီးခဲ့တဲ့ မေ ၁၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မြို့သစ်ကျေးရွာထဲကို အကြမ်းဖက်စစ်အုပ်စုတပ်က စီးနင်းဝင်ရောက်လာခဲ့ပြီး ဒေသခံရွာသား ဦးမြင့်စိုးကို ကျေးရွာအရှေ့ဘက် လက်ဝဲကုန်းမှာ ပစ်သတ်ခဲ့ကြောင်း သိရှိပါ တယ်။ ဦးမြင့်စိုးဟာ ထွက်ပြေးနေချိန် ပစ်သတ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ဒါ့အပြင် မေ ၁၃ ရက်ကလည်း အကြမ်းဖက်စစ်အုပ်စုတပ်က မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ပိတောက်ကန်ကျေးရွာကို စီးနင်းဖို့အတွက် လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တာကြောင့် နေအိမ်အတွင်းမှာ ရှိနေတဲ့ အသက် ၇၂ နှစ်အရွယ် ဦး ဝက်ကြီး၊ ဇနီးဖြစ်သူ အသက် ၇၀ အရွယ် ဒေါ်ခင်ထွေးနဲ့ သားဖြစ်သူ အသက် ၃၀ အရွယ် ဦးရဲမြင့်တို့ဟာ လက်နက်ကြီးကျည်ထိမှန်ကာ သေဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊

တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်း ကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/534030

---------------------------------------------------------------------------------------------

## စာသင်ကျောင်းပေါင်း ၅၀၀ ကျော် မိုင်းခွဲ၊ မီးရှို့ခံရဟု စစ်ကောင်စီ ပြန်ကြားရေးဒုဝန်ကြီးပြော

Published By DVB | 19 May, 2022




မြန်မာနိုင်ငံတဝန်းမှာ ပြီးခဲ့တဲ့ စာသင်နှစ်က မိုင်းခွဲ၊ မီးရှို့ခံခဲ့ရတဲ့ စာသင်ကျောင်းပေါင်း ၅၀၄ ကျောင်းရှိပြီး ဆရာ၊ ဆရာမ ၃၇ ဦး သေဆုံးခဲ့တယ်လို့ စစ်ကောင်စီ ပြန်ကြားရေး ဒုဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းက မေလ ၁၉ ရက် ဒီနေ့ နေပြည်တော်မှာလုပ်တဲ့ ၁၄ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

"ပြီးခဲ့တဲ့ စာသင်နှစ်မှာတော့ အကြမ်းဖက်သမားများရဲ့ နှောင့်ယှက်ဖျက်ဆီးမှုကြောင့် မိုင်းထောင် မိုင်းခွဲ မီးရှို့ဖျက်ဆီးခံရတဲ့ စာသင်ကျောင်းပေါင်း ၅၀၄ ကျောင်းရှိပါတယ်။ ဆရာ၊ ဆရာမ ၃၇ ဦး သေဆုံးခဲ့ပါတယ်။ အခုလည်း ကျောင်းတွေ မဖွင့်ခင်ကတည်းက ခြိမ်းခြောက်မှုတွေ စတင် လုပ်ဆောင်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။"

စာသင်ကျောင်းတွေကို မိုင်းတွေထောင်၊ ဘန်ကာတွေဆောက်ပြီး အခြေချနေတယ်လို့လည်း သူက ဆက်ပြောပါတယ်။

တကယ်တမ်း မြေပြင်သတင်းတွေမှာတော့ စစ်ကောင်စီတပ်တွေဟာ  စာသင်ကျောင်းတွေ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းပါမချန် မြို့ရွာတွေကို မီးရှို့ဖျက်ဆီးနေတာ တွေ့ရသလို မူကြိုအရွယ် ကလေးကိုပါ ဖမ်းဆီးနေပါတယ်။

မြို့ပေါ်စာသင် ကျောင်းတွေမှာလည်း စစ်ကောင်စီတပ်တွေက  ဘန်ကာတွေဆောက်လုပ် တပ်စွဲ စခန်း ချထားတာတွေပြုလုပ်တာလည်း ရှိနေပါတယ်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဆောင်ရွက်နေတဲ့ ပညာရေးအစီအစဉ်တွေနဲ့ ပတ်သက်ပြီး  စစ်ကောင်စီရဲ့ ပြန်ကြားရေး ဒုဝန်ကြီးက ဝေဖန်တိုက်ခိုက် စွပ်စွဲပြောဆိုတာတွေ သတင်းစာရှင်းလင်းပွဲမှာ ပြုလုပ်ခဲ့ပါတယ်။

"ပညာရေးနဲ့ပတ်သက်ပြီး ပြည်သူတွေအားလုံး သတိထားကြဖို့ ပြောလိုတာ ပြလိုတာလေးတခု ရှိပါတယ်။ ဒီဘက်မှာတော့ ကျောင်းတွေ မတက်ဖို့ ပြောကြတယ်။ တဖက်မှာ သူတို့ဘက်က ပညာသင်ပေးနေတယ်ဆိုပြီး လုပ်တယ်။ အဲဒီအထဲမှာ ဘာမြှုပ်ကွက်တွေရှိသလဲဆိုတာကို ကျနော်တို့ ကြည့်ရင် တွေ့နိုင်ပါလိမ့်မယ်။ "လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းကပြောဆိုပြီး  ဗွီဒီဖိုင်တခု ဖွင့်ပြခဲ့ပါတယ်။

စစ်ကောင်စီက ဖြတ်တောက်ပြီး ပြသတဲ့ ဗွီဒီယိုမှာတော့  Free Online Educational Institution Myanmar နဲ့ Islamic Organisation Myanmar တို့ကို လမ်းညွှန်ပြောဆိုထားပါတယ်။ ဒီအဖွဲ့တွေက အွန်လိုင်းကနေ အခမဲ့သင်ကြားနိုင်ပြီး ဘာသာရပ်ပေါင်းစုံကို သင်ယူနိုင်တယ်လို့ ပြောဆိုခဲ့တာပါ။

ဒါပေမဲ့ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းကတော့ IOM Islamic Organisation Myanmar ကိုပဲ အဓိကထား ပြောဆိုပါတယ်။

“သူ ပြောသွားတဲ့ IOM ဆိုတဲ့အကြောင်းလေးပေါ့နော်။ ဒါ ဟိုဘက်မှာရောက်နေတဲ့ PDF တခု ဖြစ်ပါတယ်။ IOM ဆိုတဲ့ဟာကို ကျနော် နာမည်ရွတ်မပြတော့ဘူး။ ဖတ်ကြည့်ပေါ့။ ဘာဆိုတာ ဖတ်ကြည့်ပေါ့။ အဲကနေ ပညာသင်ကြားမယ်လို့ သူပြောပါတယ်။ ပါဝင်မည့် သင်ခန်းစာများ။ ကုရ်အာန်၊ အုရ်ဒူဘာသာစကား၊ အာရဗီဘာသာစကား။ နောက်ကဟာတွေ ဆက်ဖတ်ကြည့်လိုက်။ ဒါဆိုရင် သူတို့ပြောနေတဲ့ ပညာသင်ကြားမှုဆိုတာ ဘာကို ဆိုလိုတာလဲ” လို့ ပြောပါတယ်။

IOM ရဲ့ ဖေ့စ်ဘွတ်ခ်မှာတော့ သူတို့ဟာ မြန်မာနဲ့ နိုင်ငံတကာသင်ရိုးအတန်းစုံကို အွန်လိုင်းကနေ သင်ကြားပေးနေသလို ကွန်ပျူတာ၊ အင်္ဂလိပ်စာလို ဘာသာစကားတွေကိုလည်း သင်ကြားပေးနေတယ်လို့ ဖော်ပြထားပါတယ်။

ဒါပေမဲ့ ဗိုလ်ချုပ်ဇော်မင်းထွန်းကတော့ အစ္စလာမ် ဘာသာရေးအတန်းမှာ သင်ကြားမယ့် ဘာသာရေးသင်ခန်းစာတွေကိုသာ ထောက်ပြပြီး အမျိုးသားညီညွတ်ရေးအစိုးရက ဒီလိုအကြောင်းတွေ သင်ကြားပေးနေတယ်ဆိုတဲ့ပုံစံ ပြောဆိုစွပ်စွဲတာပါ။

ဒ့ါအပြင် ပြည်သူ့ကာကွယ်ရေးတပ်တွေဟာ စာသင်ကြားဖို့ကို အနှောင့်အယှက်ပေးနေသလို ကျောင်းတွေမှာ အခြေချတယ်လို့လည်း စွပ်စွဲပြောဆိုပါတယ်။

မြန်မာနိုင်ငံတဝန်းစာသင်ကျောင်းတွေမှာ စစ်ကျွန်ပညာရေးကို ဆန့်ကျင်တဲ့အနေနဲ့  ဆရာ ဆရာမတွေ ပညာရေးဝန်ထမ်းတွေက အာဏာဖီဆန် CDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြသလို ကျောင်းသား ကျောင်းသူတွေကလည်း ကျောင်းမတက်ဘဲ ဆန့်ကျင်နေကြတာဖြစ်ပါတယ်။

https://burmese.dvb.no/archives/534211

-----------------------------------------------------------------------------------------------

## ရွေးကောက်ပွဲအမှုပေါင်း ၁၀၀၀ ခန့် တရားစွဲထားဟု စစ်ကောင်စီသြဇာခံ ကော်မရှင်ပြော

Published By DVB | 19 May, 2022

ပြီးခဲ့တဲ့ ၂၀၂၀  ရွေးကောက်ပွဲနဲ့ပတ်သက်လို့ အမှုပေါင်း ၁၀၀၀ လောက် တရားစွဲဆိုထားတယ်လို့ စစ်ကောင်စီသြဇာခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူ ဦးတင်မောင်ဦးက မေလ ၁၉ ရက် ဒီနေ့ နေပြည်တော်သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

ရွေးကောက်ပွဲဥပဒေအရ ရဲစခန်းတွေမှာ တရားစွဲဆိုထားတာ ၅၄၆ မှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေ၊ မဲမသမာမှုတွေနဲ့ တရားမဲ့ ပြုကျင့်မှုတွေကို တရားစွဲဆိုတာက ၇၈ မှု၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေအပေါ် ကြီးကြပ်ကွပ်ကဲဖို့ ပျက်ကွက်တာအတွက် တရားစွဲဆိုတာက အမှု ၃၇၀ ရှိတယ်လို့ ဦးတင်မောင်ဦးက ပြောပါတယ်။

ရွေးကောက်ပွဲကာလ သတင်းတွေအရတော့ ကော်မရှင်တံဆိပ်တုံး အတုလုပ်တာအပါအဝင် မသမာမှုတွေကို ရွေးကောက်ပွဲနေ့မှာ ကြံ့ခိုင်ရေးပါတီဝင်တွေက ပြုလုပ်ခဲ့ကြပြီး ဖမ်းဆီးမိခဲ့ပေမဲ့ အရေးယူတာမရှိပါဘူး။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်း ပြုစုရာမှာ လဝက စာရင်း၊ မှတ်ပုံတင်တို့နဲ့ တိုက်ဆိုင် စာရင်းလုပ်တာမဟုတ်ဘဲ အရှိအတိုင်း စာရင်းလုပ်လို့ မဲဆန္ဒရှင်စာရင်းမှာ ၁၁ ဒသမ ၃ သန်းကျော်ဟာ မှားယွင်းပြီး မသမာလုပ်နိုင်တယ်လို့ ဦးတင်မောင်ဦးက ပြောပါတယ်။

ဒ့ါအပြင် ၂၀၁၀ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ၂၉ မှု၊ ၂၀၁၅ ရွေးကောက်ပွဲမှာ ၄၅ မှုနဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာတော့ ၂၈၇ ခု ရှိခဲ့တယ်လို့လည်း ဆိုပါတယ်။

လက်ရှိမှာတော့ အခြေခံမဲဆန္ဒရှင်စာရင်းကို တိုက်ဆိုင်စစ်ဆေးနေပြီး စစ်ဆေးဖို့ ၂၅ မြို့နယ်ပဲ ကျန်တော့တယ်လို့ ပြောပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ အန်အယ်လ်ဒီပါတီက အပြတ်အသတ်အနိုင်ခဲ့ပြီး ရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်တယ်လို့ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွေနဲ့ အစိုးရတွေက သတ်မှတ်ကြေညာခဲ့ပါတယ်။

ရွေးကောက်ပွဲမှာ စစ်တပ်ထောက်ခံတဲ့ ကြံ့ခိုင်ရေးပါတီက အပြတ်အသတ်ရှုံးနိမ့်ခဲ့ပြီးနောက်မှာ စစ်တပ်က မဲမသမာမှုရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အာဏာသိမ်းခဲ့တာဖြစ်ပြီး ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကိုလည် ပယ်ဖျက်ကြောင်းကြေညာကာ နောက်ထပ် ရွေးကောက်ပွဲသစ် ထပ်မံ ကျင်းပဖို့ ကြိုးပမ်းနေပါတယ်။

https://burmese.dvb.no/archives/534227

-----------------------------------------------------------------------------------------------------

## စီးပွားရေးလုပ်ငန်းရှင်များကို ပြည်ပထွက်ခွာခွင့်မပြုရန် လုပ်ဆောင်နေခြင်းမရှိဟု နစက ပြောရေးဆိုခွင့်ရှိသူ ပြောကြား

PUBLISHED 19 MAY 2022



စီးပွားရေးလုပ်ငန်းရှင်များကို ပြည်ပထွက်ခွာခွင့် မပြုရန် လုပ်ဆောင်နေခြင်းမရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်က ြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။

ဧပြီ ၁၉ ရက်က ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

" ကျွန်တော်တို့ အစိုးရအနေနဲ့တော့ စီးပွားရေးလုပ်ငန်းတွေ၊ လုပ်ငန်းရှင်များကို ပြည်ပ ထွက်ခွာခွင့်မပြုဖို့ အစိုးရက လုပ်နေတယ်ဆိုပြီး ကောလာဟလတွေ ထုတ်လွှင့်နေတာလည်း တွေ့ရပါတယ်။ ဒီသတင်းတွေဟာ မဟုတ်ပ ါဘူး" ဟု ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။

အစိုးရအနေဖြင့် ဘဏ်လုပ်ငန်းများ အပါအဝင် စီးပွားရေးကဏ္ဍများတွင် စည်းစနစ်တကျပြုလုပ်စေရန်၊ လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်ခြင်းများ မရှိစေရန်အတွက် ခေါ်ယူတွေ့ဆုံမှုများကို ဆောင်ရွက်လျက်ရှိကြ ောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက " ကျွန်တော်တို့အနေနဲ့ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် အတွင်းမှာ ဘဏ်တွေနဲ့ပတ်သက်ပြီး အခက်အခဲတွေ အများကြီး ကြုံခဲ့ရပါတယ်။ ဘဏ်ကြီးအချို့ကို အစိုးရအနေနဲ့ ဆက်လက်ရပ်တည်နိုင်ရေး ကူညီပေးခဲ့ရပါတယ်။ ဘဏ်ကြီးအချို့ဟာ ပြိုလဲကာနီးအခြေအနေအထိ ဖြစ်ခဲ့ပါတယ်။ အစိုးရအနေနဲ့ ဆက်လက်ရပ်တည်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ရပါတယ်။ဖြစ်ရတဲ့အကြောင်းအရင်းတွေထဲက အဓိကအချက်ကတော့ စည်းကမ်း၊ နည်းလမ်းမကျစွာ လုပ်ဆောင်ခဲ့သူတွေရဲ့ အကျိုးဆက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘဏ်တွေ စည်းစနစ်တကျ ဖြစ်စေရေး ဆောင်ရွက်ခဲ့ပါတယ်။ အခုထိလည်း ကျွန်တော်တို့ လုပ်ဆောင်နေရဆဲဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းစဉ်အများစုက ဘဏ်လုပ်ငန်းတွေနဲ့ပတ်သက်မှု ရှိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်အများစုသည် တစ်နည်းအားဖြင့် ဘဏ်လုပ်ငန်းပိုင်ရှင်တွေလည်းဖြစ်တာ တွေ့ရပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တာဝန်ရှိသူများက ခေါ်ယူတွေ့ဆုံရတာတွေ၊ ဆွေးနွေးရတာတွေ ရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး မျိုးစုံ ကောလာဟလ ထု

တ်လှုပ်နေတာပဲ ဖြစ်ပါတယ်။ လက်တွေ့မှာလည်း သူတို့အနေနဲ့ ပြည်ပ ခရီးသွားလာမှုတွေ ရှိပါတယ်။ အစိုးရအနေနဲ့ကတော့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍတွေမှာ စည်းကမ်းနည်းလမ်းမကျစွာ ဆောင်ရွက်နေမှုတွေ၊ လုပ်ထုံးလုပ်နည်းကို ကျော်လွန်ဆောင်ရွက်နေမှုများကို ပြန်လည်တည့်မတ် လမ်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်ပေးရမှာပဲ ဖြစ်ပါတယ်။ ဒါတွေ ဆောင်ရွက်နေခြင်းဟာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ အနာဂတ်အတွက်ပဲ ဖြစ်ပါတယ်။ ဒီကဏ္ဍတွေမှာ စည်းစနစ်တကျ ခိုင်ခိုင်မာမာ ဖွံ့ဖြိုးတိုးတတ်လာဖို့ ဆောင်ရွက်လျက်ရှိကြောင်း သတင်းစကားပါးလိုပါတယ်" ဟု ပြောကြားသည်။

လက်ရှိတွင် မြန်မာပြည်၏ ထိပ်တန်း စီးပွားရေးလုပ်ငန်းရှင်များထဲတွင်ပါဝင်သော ဇေကမ္ဘာကုမ္ပဏီပိုင်ရှင် ဦးခင်ရွှေနှင့် ၎င်း၏ သားဖြစ်သူ ဦးဇေသီဟတို့ ဖမ်းဆီးထားသကဲ့သို့ ဧဒင်ကုမ္ပဏီပိုင်ရှင် ဦးချစ်ခိုင် ကိုလည်းတီကျစ်တွင်ဆောင်ရွက်သည့် ကျောက်မီးသွေးစက်ရုံစီမံကိန်းနှင့်ပတ်သက်၍ အဂတိဖြင့် အမှုဖွင့်ဖမ်းဆီးထားသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် မေ ၉ ရက် နံနက်ပိုင်းက ရန်ကုန်လေဆိပ်တွင် ဘန်ကောက်သို့ သွားရောက်ရန်အတွက် စောင့်ဆိုင်းနေသော ကမ္ဘောဇဘဏ်တည်ထောင်သူ ဦးအောင်ကိုဝင်း၏သမီးဖြစ်သူ ကမ္ဘောဇဘဏ် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်ခမ်းအား ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ဒေါ်နန်းလိုင်ခမ်းအား ထိန်းသိမ်းစစ်ဆေးနေခြင်းမရှိကြောင်း နစကဘက်မှ ပြန်လည်ရှင်းလင်းထားသည်။

https://news-eleven.com/article/230954

----------------------------------------------------------------------------------------------------

## စီးပွားရေးလုပ်ငန်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် စစ်ကောင်စီပြင်ဆင်နေ

By မဇ္ဈိမ | 19 May 2022



*Photo : CJ*

စီးပွားရေးလုပ်ငန်းများအပေါ် အခွန်များတိုးမြှင့်ကောက်ခံရန်ပြင်ဆင်နေကြောင်း စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက နေပြည်တော်တွင် ယနေ့ မေလ ၁၉ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်း ပွဲတွင် ပြောသည်။

ပြည်သူလူထုက ပေးဆောင်ရသည့် သာမာန်အခွန်အပေါ်တွင် နှုန်းထားများ များစွာ တိုးမြှင့်ကောက်ခံရန် မရှိဘဲ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သတ်ပါက ယင်းသို့ လုပ်ဆောင်သွားရန်အစီအစဉ်ရှိသည်ဟု ၎င်းက ပြောဆိုခဲ့ခြင်းဖြစ်သည်။

"အခွန်နှုန်းထားတွေနဲ့ ပတ်သတ်လို့ အချို့သောအခွန်နှုန်းထားတွေကတော့ သင့်တင့်တဲ့နှုန်းနဲ့ ကောက်ခံဖို့ ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

အခွန်နှုန်းထားများတိုးမြှင့်ကောက်ခံရန် မရှိ၊ မရှိနှင့်ပတ်သက်၍မေးမြန်းသည့် မေးခွန်းတစ်ခုအပေါ် ဗိုလ်ချုပ်ဇော်မင်းထွန်းက အထက်ပါအတိုင်း ဖြေဆိုခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မိုဘိုင်းဖုန်းများရှိ IMEI နံပါတ်ကို မှတ်ပုံတင်ခိုင်းပြီး အခွန်ကောက်ရန် စစ်ကောင်စီက ပြင်ဆင်နေကာ အခွန်မပေးဘဲ ဝင်ရောက်လာသည့် ဖုန်းများရှိသည့်အတွက် ယင်းအပေါ် ကန့်သတ်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့သည် အခွန်စနစ်တွေနဲ့ ပတ်သတ်တာပဲဖြစ်ဖြစ်၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်တာပဲ ဖြစ်ဖြစ် စည်းကမ်းနည်းလမ်းကျအောင်တော့ ဆက်လုပ်သွားရမှာဖြစ်တယ် "ဟု ၎င်းကဆိုသည်။

လက်ရှိတွင် အာဏာသိမ်းစစ်ကောင်စီက ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ပို့ကုန်လုပ်ငန်း ဆောင်ရွက်ခဲ့သောကုမ္ပဏီများကို ပို့ကုန်ရငွေများသုံးလအတွင်းဘဏ်စာရင်းသို့ နိုင်ငံခြားငွေဖြင့်ပြန်လည်မဝင်ရောက် သည့်ကိစ္စဖြင့် Blacklist (အမည်ပျက်စာရင်း) သွင်းခြင်းများပြုလုပ်နေသည်။

အလားတူ သွင်းကုန်ပိုင်းတွင်လည်း NLD အစိုးရလက်ထက်က လိုင်စင်လျှောက်ထားရန် မလိုသည့် ကုန်ပစ္စည်းများကို လိုင်စင်ပြန်လျှောက်ခိုင်းခြင်းများလည်း ပြုလုပ်လျက်ရှိသည်။

https://www.mizzimaburmese.com/article/107447

---------------------------------------------------------------------------------------------

## NUG နဲ့တွေ့ဆုံမှု မလေးရှားနိုင်ငံကို မြန်မာစစ်ကောင်စီ ကန့်ကွက်ဝေဖန်

၁၉ မေ၊ ၂၀၂၂ | ဗွီအိုအေ (မြန်မာဌာန)

မြန်မာစစ်ကောင်စီ နိုင်ငံခြားရေးဌာနအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ မလေးရှားသံရုံးအကြီးအကဲကို ခေါ်ယူတွေ့ဆုံပြီး မလေးရှားနိုင်ငံခြားရေးဝန်ကြီးက NUG ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးနဲ့တွေ့ဆုံခဲ့တာကို ကန့်ကွက်ခဲ့တယ်လို့ မြန်မာစစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက မေလ ၁၉ ရက်နေ့လုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

“မလေးနိုင်ငံခြားရေးဝန်ကြီးက အကြမ်းဖက်အဖွဲ့ဖြစ်တဲ့ NUG ကိုယ်စားလှယ်နဲ့တွေ့ဆုံခြင်းက အကြမ်းဖက်သူကို အားပေးရာရောက်ပါတယ်။ အားပေးရာရောက်တဲ့အပြင် ဒါ မြန်မာနိုင်ငံအစိုးရရဲ့ ကြိုးပမ်းချက်တွေကို အဟန့်အတားဖြစ်စေပြီးတော့ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး သဘောတူညီချက်တွေကို ချိုးဖောက်ရာရောက်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံအနေနဲ့ ပြင်းထန်စွာ ကန့်ကွက်တဲ့အကြောင်းနဲ့ မလေးရှားအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်အမတ်များအနေနဲ့ နောင်မှာ အလားတူ ထိတွေ့ဆက်ဆံမှုမျိုး မပြုလုပ်ရန်သတိပေးထားကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနကို ကန့်ကွက်စာ ပေးပို့ခဲ့ပါတယ်။ ရန်ကုန်မြို့ မလေးရှားသံရုံးက သံရုံးယာယီတာဝန်ခံကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနကိုခေါ်ပြီး ကန့်ကွက်ပြောဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့ အမေရိကန်-အာဆီယံ ထိပ်သီးဆွေးနွေးပွဲမှာ မြန်မာစစ်ကောင်စီကိုယ်စားပြုသူ တက်ရောက်ခွင့်မရတဲ့အချိန်မှာ မလေးရှားနိုင်ငံခြားရေးဝန်ကြီးက NUG နိုင်ငံခြားရေးဝန်ကြီးကို အစည်းအဝေးအပြင်ပန်းမှာ လက်ခံတွေ့ဆုံခဲ့တာပါ။ တချိန်တည်းမှာပဲ နိုင်ငံတချို့က မြန်မာနိုင်ငံမှာရှိတဲ့ သူတို့သံအဆင့် အတန်းကို လျှော့ချသတ်မှတ်လိုက်တဲ့အပေါ်မှာတော့ မြန်မာ စစ်ကောင်စီဘက်က အာဆီယံ အရှေ့တောင်အာရှနိုင်ငံတချို့ဟာ မြန်မာနိုင်ငံနဲ့ သံတမန်ရေးအရ ဆက်ဆံမှု လျှော့ချချင်တဲ့သဘောမျိုး လုပ်ဆောင်နေတာတွေ တွေ့နေရပြီး မြန်မာနိုင်ငံဘက်ကတော့ ရပ်တည်ချက်ပြောင်းလဲမှာ မဟုတ်တဲ့အကြောင်း ဒီနေ့ နေပြည်တော်မှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ စစ်ကောင်စီ ပြောခွင့် ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောဆိုပါတယ်။

မြန်မာနိုင်ငံက ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရ NUG ကို ရွေးချယ် တင်မြှောက်ခံထားရတဲ့ အစိုးရအဖွဲ့အဖြစ် ထိတွေ့ဆက်ဆံဖို့ အရေးကြီးတဲ့ အကြောင်း မလေးရှားနိုင်ငံခြားရေး ဝန်ကြီး Saifuddin Abdullah က ပြောဆိုထားပါတယ်။ တချိန်တည်းမှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကျပ်အတည်းတွေကို ဖြေရှင်းဖို့ အာဆီယံရဲ့ဘုံသဘောတူညီချက်တွေကို အကောင်အထည်ဖော်ရေး နိုင် ငံတကာက ဖိအားပေး ပြောဆိုတာတွေလည်း တိုးလာနေပါတယ်။ မြန်မာစစ်ကောင်စီဘက်ကတော့ အချုပ်အခြာ ပိုင်ဆိုင်မှုနဲ့ အကျိုးစီးပွားကို မထိခိုက်ဘူးဆိုရင် အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်မယ့်အကြောင်း အမြဲတစေ တုံ့ပြန်ပြောဆိုထားပါတယ်။

https://burmese.voanews.com/a/myanmarmalaysia-nugmyanmar-voaburmese-မလေးရှားနိုင်ငံ-nug-စစ်ကောင်စီကန့်ကွက်-ဗွီအိုအေ-/6580599.html

-----------------------------------------------------------------------------------------

## မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ငန်းအပေါ် ဒဏ်ခတ်အရေးယူဖို့ ကန်အမတ်တချို့နဲ့NUG ဝန်ကြီးဆွေးနွေး

၁၉ မေ၊ ၂၀၂၂ | ဗွီအိုအေ (မြန်မာဌာန)

အမေရိကန် ပြည်ထောင်စုကို ရောက်ရှိနေတဲ့ အမျိုးသား ညီညွတ်ရေးအစိုးရ NUG ရဲ့ နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင် ဟာ ထိပ်တန်း ရီပတ်ဘလစ်ကန် အထက်လွှတ်တော်အမတ် Mitch McConnell အပါအဝင် ပါတီကြီး ၂ ခုက လွှတ်တော်အမတ်တချို့နဲ့ ဒီသီတင်းပတ်ထဲမှာပဲ တွေ့ဆုံပြီး စစ်ကောင်စီအပေါ် အရေးယူဒဏ်ခတ်မှုတွေ တိုးမြှင့်ဖို့ ဆွေးနွေးခဲ့ကြောင်း သတင်းထုတ်ပြန်ထားပါတယ်။

အာဏာရ ဒီမိုကရက်တစ်ပါတီက အထက်လွှတ်တော်အမတ်တွေ ဖြစ်ကြတဲ့ Jeff Merkley ၊ Ed Markey တို့နဲ့ အင်္ဂါနေ့က တွေ့ဆုံရာမှာ မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ငန်းအပေါ် အမေရိကန်က ပိတ်ဆို့ဒဏ်ခတ်ဖို့ ဆွေးနွေးခဲ့ကြောင်း ဒေါ်ဇင်မာအောင်က Twitter လူမှုကွန်ရက်မှာ ရေးသားခဲ့တာပါ။

အင်္ဂါနေ့မှာပဲ NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်ဟာ အထက်လွှတ်တော် ရီဘတ်ဘစ်ကန်ခေါင်းဆောင် Mitch McConnell နဲ့လည်း တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံမှာ စစ်တပ်ရဲ့ အကြမ်းဖက် နှိမ်နင်းမှုတွေနဲ့ ပတ်သက်လို့ ဆွေးနွေးခဲ့ကြောင်းလည်း Twitter မှာ ပြောဆိုထားပါတယ်။

မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီး နောက်ဆက်တွဲ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် အမေရိကန်က စစ်ခေါင်းဆောင်တွေ၊ ဆက်နွယ်သူတွေအပေါ် ပိတ်ဆို့ဒဏ်ခတ် အရေးယူမှုတွေ ချမှတ်ခဲ့ပါတယ်။

ဒါပေမဲ့လည်း စစ်ကောင်စီအတွက် အဓိက ဝင်ငွေရနေတယ်လို့ဆိုတဲ့ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ငန်းကို ပိတ်ဆို့အရေးယူဖို့ အမေရိကန် အပါအဝင် အနောက်နိုင်ငံတွေက နှောင့်နှေးနေတဲ့အပေါ် တက်ကြွလှုပ်ရှားသူတွေနဲ့ လူ့အခွင့်အရေးသမားတွေက ဝေဖန်နေကြတာပါ။

https://burmese.voanews.com/a/bug-zin-mar-aung-mitch-mc-connell/6579718.html

-----------------------------------------------------------------------------------------

## စစ်ကောင်စီ လုံခြုံရေးအစောင့်အရှောက်နဲ့ ငြိမ်းချမ်းရေးထောက်ခံပွဲတွေ ပြုလုပ်

2022.05.19



ရန်ကုန်မြို့တော်ခန်းမရှေ့မှာ ၂၀၂၂ ခုနှစ် မေလ ၁၉ ရက်နေ့က ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှကျင်းပသည့် စစ်ကောင်စီ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှု ထောက်ခံပွဲ တက်ရောက်လာသူများကို တွေ့ရစဉ် Photo: USDP's FB

စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနဲ့ ပတ်သက် လို့ ထောက်ခံတဲ့ ဆန္ဒပြပွဲကို ဒီနေ့ မေ ၁၉ ရက်မှာ ရန်ကုန်မြို့တော်ခန်းမရှေ့မှာ လုံခြုံရေး အစောင့်အရှောက်တွေနဲ့ ပြုလုပ်ခဲ့ပါ တယ်။

ပြီးခဲ့တဲ့ မေ ၁၆ ရက်နေ့ကလည်း နေပြည်တော် တပေါင်းကွင်းမှာ ငြိမ်းချမ်းရေးဖိတ်ခေါ်မှု ထောက်ခံပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီပွဲမှာ ဗုံးပေါက်ကွဲမှုဖြစ်ခဲ့တာကြောင့် ဒီနေ့ ရန်ကုန်မှာ ပြုလုပ်တဲ့ ငြိမ်းချမ်းရေး ထောက်ခံပွဲကို လုံခြုံရေးတင်းတင်းကျပ်ကျပ်ချပြီး ပြုလုပ်ခဲ့တယ် လို့ ရန်ကုန်မြို့ခံတွေက ပြောပါတယ်။

ဆန္ဒပြသူတွေက ငြိမ်းချမ်းရေးကြိုးပမ်းမှုတွေကို ကြိုဆိုထောက်ခံကြောင်း၊ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်တဲ့အကြောင်းနဲ့ ပြည်ပစွက်ဖက်မှုတွေကို ဆန့်ကျင်တဲ့ အကြောင်းတွေ ကြွေးကြော်ခဲ့ကြပါတယ်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို အင်အားကြီးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ ငြင်းပယ်တာနဲ့ အမေရိကန်-အာဆီယံ ထိပ်သီးအစည်း အဝေးမှာ စစ်ကောင်စီကိုဖယ်ထုတ်ခဲ့တဲ့ ဖြစ်စဉ်တွေနောက်မှာ အခုလိုဆန္ဒပြပွဲတွေ ပေါ်ပေါက်လာတာပါ။

စစ်ကောင်စီဥက္ကဋ္ဌက ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် မေ ၉ ရက်နေ့ နောက်ဆုံးထားပြီး စာရင်းပေးဖို့ကမ်းလှမ်းခဲ့တာပါ။ ကချင်လွတ်မြောက်ရေးအဖွဲ့ ( KIO)၊ ကရင်အမျိုးသား အစည်းအရုံး ( KNU)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ ( KNPP)၊ မြန်မာနိုင်ငံလုံး ဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ( ABSDF)၊ ချင်းအမျိုးသားတပ်ဦး ( CNF) နဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံး ( LDU) တို့က ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ပါတယ်။ ဒါ့အပြင် ရက္ခိုင့်တပ်တော် (AA)၊ တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် ( TNLA) နဲ့ ကိုးကန့်လို့ လူသိများတဲ့ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် ( MNDAA) တို့ကတော့ အကြောင်းမပြန်ခဲ့ပါဘူး။

ငြိမ်းချမ်းရေးဖိတ်ခေါ်မှုမှာ အမျိုးသားညီညွတ်ရေးအစိုးရ ( NUG) နဲ့ ပြည်သူ့ကာကွယ်ရေး တပ် ( PDF) တွေကို ချန်လှပ်ခဲ့တာကြောင့် အခုလို ငြင်းပယ်တာလို့ ဒီအဖွဲ့ အစည်းအချို့က ပြောပါတယ်။

ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်ကို လက်မခံတဲ့ အဖွဲ့အစည်းအများစုဟာ စစ်အာဏာသိမ်း ပြီးနောက် ချင်း၊ ကချင်၊ ကရင်၊ ကယားနဲ့ စစ်ကိုင်းတိုင်းတွေမှာ စစ်ကောင်စီတပ်တွေနဲ့ ထိတွေ့တိုက်ပွဲတွေဖြစ်ပွားနေပါတယ်။

စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကတော့ NUG နဲ့ PDF တွေကို လက်ခံဆွေးနွေးမှာမဟုတ်ဘဲ နှိမ်နင်းသွားမယ်လို့ ထုတ်ဖော်ပြောဆိုထားပါတယ်။

https://www.rfa.org/burmese/news/usdp-support-military-peace-process-05192022040227.html

-----------------------------------------------------------------------------------------

## စစ်ခေါင်းဆောင်နှင့် တွေ့ရန် ဗိုလ်ချုပ်ကြီးယွက်ဆစ် နေပြည်တော်ရောက်ရှိ

By ဧရာဝတီ | 19 May 2022

စစ်ခေါင်းဆောင်၏ ဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေးဆွေးနွေးရန် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ်သည် ယနေ့ တာချီလိတ်မြို့မှ တဆင့်နေပြည်တော်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ငြိမ်းချမ်းရေး ဆွေးနွေးရန် တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များကို လာ ရောက်ကြဖို့ ဖိတ်ခေါ်ခဲ့ပြီး ၎င်းကိုယ်တိုင် တဖွဲ့ချင်း တွေ့ဆုံမည်ဆိုသည့်အပေါ် RCSS အနေဖြင့် နိုင်ငံရေးပြဿနာများအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ တန်းတူရည်တူရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် လက်ရှိနိုင်ငံရေး အကျပ်အတည်းများ ဖြေရှင်းရေးတို့အား ဦးတည်၍ တွေ့ဆုံဆွေးနွေးဖိတ်ခေါ်မှုအား လက်ခံခဲ့ခြင်း ဖြစ် ကြောင်း မေလ ၁၂ ရက်တွင် ထုတ်ပြန်ထားသည်။

တွေ့ဆုံညှိနှိုင်းခြင်းဖြင့် လက်ရှိ နိုင်ငံရေးအကျပ်အတည်းများအား ဖြေရှင်းခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး တွေ့ဆုံ ဆွေးနွေးရေးအတွက် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်းသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း၊ ကိုယ်ပိုင် ပြဋ္ဌာန်း ခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှသာလျှင် ပြည်သူတရပ်လုံး လိုလားတောင့်တ သော အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုအား ဆောင်ရွက်နိုင်မည်ဖြစ်ပြီး

ငြိမ်းချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်းလည်း RCSS က ဆိုထားသည်။



စစ်ခေါင်းဆောင်နှင့်တွေ့ဆုံရန် ဗိုလ်ချုပ်ကြီးယွက်ဆစ် တာချီလိတ်မှနေပြည်တော်သို့ ထွက်ခွာ /Ngao Leng Hun Mai

စစ်ခေါင်းဆောင်၏ ဖိတ်ခေါ်ချက်နှင့် ပတ်သက်၍ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားသည့် အဖွဲ့များကြား၌ပင် သဘောထား ကွဲလွဲမှုများဖြစ်ခဲ့ပြီး ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU /KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့သာ တက်ရောက်ကြမည် ဖြစ်သည်။

ထို့ပြင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားခြင်း မရှိသည့် ရှမ်းပြည်မြောက်ပိုင်းတပ်မတော် (SSPP/SSA)၊ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)နှင့် အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (မိုင်းလားအဖွဲ့ – NDAA) တို့၏ ကိုယ်စားလှယ်အဖွဲ့များလည်း တက်ရောက်မည် ဖြစ်သည်။

သို့သော် တက်ရောက်ရန် စာရင်းပေးထားသည့်အဖွဲ့များထဲမှ အများစုမှာ စစ်ခေါင်းဆောင် ဖိတ်ခေါ်သကဲ့သို့ တပ်ဖွဲ့၏ ခေါင်းဆောင်များ တက်ရောက်မည် မဟုတ်ဘဲ RCSS/SSA၊ DKBA နှင့် KNU/KNLA-PC တို့ ၃ ဖွဲ့သာ ခေါင်းဆောင်များ ကိုယ်တိုင် တက်ရောက်မည် ဖြစ်သည်။

ထိုသို့ ခေါင်းဆောင်များကိုယ်တိုင် တက်ရောက်ခြင်း မရှိသည့်အပေါ် စစ်ခေါင်းဆောင်က ကျန်းမာရေးအခက်အခဲကြောင့်ဟု အကြောင်းပြထားပြီး ယခု တက်ရောက်လာမည့်သူများမှာ သက်ဆိုင်ရာအဖွဲ့များ၏ ဗဟိုအလုပ်အမှုဆောင်များ အားလုံး ကိုယ်စား အဆုံးအဖြတ်ပြုနိုင်သူများ ဖြစ်ကြောင်း စစ်ကောင်စီပြောခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့ သတင်းစာ ရှင်းလင်းပွဲတွင် ပြောသည်။

အာဏာသိမ်း စစ်ခေါင်းဆောင်အနေဖြင့် ဖိတ်ခေါ်ပွဲ တက်ရောက်လာသည့်အဖွဲ့များနှင့် မနက်ဖြန် (မေ ၂၀ ရက်) နံနက်ပိုင်း တွင် တွေ့ဆုံဆွေးနွေးမှုများ စတင်ပြုလုပ်မည် ဖြစ်ကြောင်းလည်း စစ်ကောင်စီဘက်က ပြောထားသည်။

https://burma.irrawaddy.com/news/2022/05/19/251953.html

------------------------------------------------------------------------------------------------

## RCSS/SSA နဲ့ မနက်ဖြန် စတင် ဆွေးနွေးမယ်လို့ စစ်ကောင်စီပြော

2022.05.19



စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တွေ့ဆုံရန် နေပြည်တော်သို့ ထွက်ခွာသွားသည့် RCSS ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်ကို ၂၀၂၂ ခုနှစ် မေလ ၁၉ ရက်နေ့က တွေ့ရစဉ် Photo: Thai PBS

စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ဖိတ်ခေါ်ထားတဲ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေကို မေလ ၂၀ ရက် မနက်ဖြန်မှာ ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ ( RCSS/SSA)နဲ့ စတင်သွားမှာဖြစ်တယ်လို့ စစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောပါတယ်။

စစ်ကောင်စီနဲ့ ဆွေးနွေးဖို့ လာရောက်မယ့် တိုင်းရင်းသား လက်နက်ကိုင် ၁၀ ဖွဲ့ထဲက မနက်ဖြန်မှာ တစ်ဖွဲ့နဲ့ စတင် တွေ့ဆုံမှာ ဖြစ်တယ်လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ဒီနေ့ နေပြည်တော်မှာ ပြုလုပ်တဲ့ စစ်ကောင်စီရဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ပြောဆိုလိုက်တာပါ။

**"မနက်ဖြန်မှာ ကျနော်တို့ ပထမဆုံး ဆွေးနွေးမှာကတော့ RCSS/SSA အဖွဲ့နဲ့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီနေ့ ရောက်ပါမယ်။ ကျနော်တို့ရဲ့အစီအစဉ်က ယခင်ကတည်းက ပြောပြီးဖြစ်တယ်။ ကျနော်တို့ တစ်ဖွဲ့ချင်း ဆွေးနွေးမယ်။ ဒီအဖွဲ့တွေက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်တွေနဲ့လည်း ဆွေးနွေးမယ်။ ဒီအဖွဲ့ပြီးရင် နောက်တစ်ဖွဲ့အနေနဲ့ ကတော့ နောက် သုံးရက်လောက်အကြာမှာ တွေ့မယ် "**

တွေ့ဆုံတဲ့အခါ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ လိုအင်ဆန္ဒတွေကို ဆွေးနွေးမှာဖြစ်ပြီး အဲဒီလိုအင်ဆန္ဒတွေထဲမှာမှ စစ်ကောင်စီရဲ့ လိုလားချက်တွေ၊ လက်ရှိ လုပ်ဆောင်ပေးနိုင်မယ့် ကိစ္စတွေ၊ အနာဂတ်မှာ လုပ်ဆောင်ပေးနိုင်မယ့်ကိစ္စတွေကို ဆက်လက် ဆွေးနွေးသွားမယ်လို့ ဆိုပါတယ်။

**"ဒီဆွေးနွေးပွဲမှာ ရလဒ်တစ်ခု ထွက်လာအောင် ဆွေးနွေးမယ်။ အဆုံးအဖြတ် ပေးနိုင်မယ့်သူတွေ တိုက်ရိုက် ဆွေးနွေးတာဖြစ်တယ်။ ဆက်လုပ်ရမယ့် လုပ်ငန်းတစ်ခု ရလဒ်ကောင်းတစ်ခု ထွက်လာအောင် လုပ်ပေးမယ်"**လို့ ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောပါတယ်။

စစ်ကောင်စီနဲ့ လာရောက် ဆွေးနွေးမယ့် အဖွဲ့တွေကတော့ ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ (RCSS)၊ ရှမ်းပြည် တပ်မတော် တောင်ပိုင်း ( SSPP/SSA)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ( ALP)၊ ကရင် အမျိုးသား ငြိမ်းချမ်းရေးကောင်စီ ( KNLA-PC)၊ ဒီမိုကရေစီ အကျိုးပြု ကရင့်တပ်မတော် ( DKBA) ၊ မွန်ပြည် သစ်ပါတီ (MNSP) နဲ့ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် ( PNLO)၊ လားဟူ ဒီမိုကရက်တစ်ပါတီ (LDU)၊ 'ဝ'ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် ( UWSP/ UWSA)၊ မိုင်းလားဒေသအဖွဲ့ ( NDAA) တို့ ဖြစ်ပါတယ်။

အဲဒီအဖွဲ့တွေ အားလုံးနီးပါးဟာ လက်ရှိ စစ်ကောင်စီတပ်တွေနဲ့ တိုက်ပွဲဖြစ်ပွားနေတဲ့ အဖွဲ့တွေ မဟုတ်ဘဲ လက်ရှိမှာ စစ်တပ်နဲ့ တိုက်ပွဲတွေ ပြင်းထန်နေတဲ့ ကချင် လွတ်မြောက်ရေးအဖွဲ့ ( KIO)၊ ကရင်အမျိုးသား အစည်းအရုံး( KNU)၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ ( KNPP) နဲ့ ချင်းအမျိုးသားတပ်ဦး ( CNF) တို့ကတော့ စစ်ကောင်စီနဲ့ လာရောက်တွေ့ဆုံဖို့ ငြင်းဆိုထားပါတယ်။

မြောက်ပိုင်း မဟာမိတ် သုံးဖွဲ့ဖြစ်တဲ့ ကိုးကန့်အဖွဲ့ ( MNDAA) ၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) နဲ့ ရက္ခိုင့်တပ်တော် ( AA) တို့ကတော့ တက်ရောက်မယ်၊ မတက်ရောက်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ထုတ်ဖော် ပြောဆိုတာမျိုး မရှိသေးပါဘူး။

https://www.rfa.org/burmese/news/ywet-sitt-meets-military-council-05192022075342.html

---------------------------------------------------------------------------------------------------

## နစက ဥက္ကဋ္ဌနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ မေ ၂၀ ရက်တွင် စတင်ပြုလုပ်မည်

PUBLISHED 19 MAY 2022



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မေ ၂၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောကြားသည်။

နေပြည်တော်တွင် မေ ၁၉ ရက်က ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် နစကပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက ထိုသို့ အသိပေးပြောကြားခြင်းဖြစ်သည်။

"ဒီတွေ့ဆုံဆွေးနွေးမှုတွေကိုတော့ အစောဆုံး ဒီလ ၂၀ ရက်နေ့ မနက်ဖြန်မှာ တွေ့ဆုံဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု နစက ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံဆွေးနွေးမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) နှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) တို့မှ ဥက္ကဋ္ဌနှင့် ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း နစက ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မွန်ပြည်သစ်ပါတီ (NMSP) နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အဖွဲ့နှစ်ဖွဲ့၏ ဥက္ကဋ္ဌများမှာ ကျန်းမာရေးအခြေအနေအရ တက်ရောက်နိုင်မည်မဟုတ်ဘဲ ၎င်းတို့ကိုယ်စား ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးအဆင့်ရှိသူများ တက်ရောက်မည်ဖြစ်ကြောင်း နစက ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထို့ပြင် အဆိုပါ ဆွေးနွေးပွဲသို့ "ဝ" တပ်ဖွဲ့ (UWSA)၊ မိုင်းလားအဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ ပအိုးဝ်အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အဖွဲ့တို့မှလည်း အဆုံးအဖြတ်ပေးနိုင်သူများ တက်ရောက်မည်ဖြစ်ကြောင်း ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောကြားသည်။

"ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လာရောက်ကြမယ့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့မှ ခေါင်းဆောင်ကိုယ်တိုင် တက်ရောက်ခြင်းမပြုနိုင်တဲ့ ခုနစ်ဖွဲ့မှ ဦးဆောင်တက်ရောက်မယ့် ဒုတိယဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေအနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အားလုံးရဲ့ ကိုယ်စား အဆုံးအဖြတ်ပြုနိုင်တဲ့သူတွေ၊ ပုဂ္ဂိုလ်တွေ ဖြစ်ကြောင်း သက်ဆိုင်ရာအဖွဲ့တွေ၊ ခေါင်းဆောင်တွေရဲ့ ပြန်ကြားစာတွေအရ သိရပါတယ်။ ပြန်ကြားစာများ လက်ခံရရှိပြီးဖြစ်ပါတယ် "ဟု ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လာမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ထဲမှ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) အဖွဲ့နှင့် ပထမဆုံး တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း နစက ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ငြိမ်းချမ်းရေးနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းခြင်းမရှိဘဲ ပြည်သူလူထု၏ ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာတောင့်တင်းစွာ တည်ဆောက်နိုင်ရေးဆိုသည်မှာ ကြီးမားသော စိန်ခေါ်မှုဖြစ်ကြောင်း နစက ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုင်းရင်းသားပြည်သူအားလုံး ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအရသာကို ခံစားနိုင်ရေးအတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖိတ်ခေါ်ခဲ့ပြီး ပြည်သူလူထုအကျိုးကို ရှေးရှု၍ ငြိမ်းချမ်းရေးကို နစ်နစ်ကာကာ လိုလားသောစိတ်၊ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုသောစိတ်များဖြင့် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း နစက ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

"နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် EAO အဖွဲ့ တစ်ဖွဲ့ချင်းအလိုက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းဆိုတာ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်း စဉ်မှာ ရတောင့်ရခဲ့ အခြေအနေနဲ့ အချိန်အခါပဲဖြစ်ပါတယ်။ အဓိကအဆုံးအဖြတ်ပေးနိုင်သူအချင်းချင်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံနိုင်ဖို့ လမ်းဖွင့်ပေးခဲ့တာဖြစ်ပါတယ် "ဟု ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောကြားသည်။

ငြိမ်းချမ်းရေးကို မလိုလားသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ အဖျက်သဘောဆောင်သော ပြုမူပြောဆိုချက်များကြောင့် ငြိမ်းချမ်းရေးလမ်းစဉ် သွေဖည်သွားမည်ထင်ပါက မှားလိမ့်မည်ဖြစ်ကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးရရှိအောင် ၎င်းတို့အနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း နစက ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောကြားသည်။

https://news-eleven.com/article/230937

---------------------------------------------------------------------------------------------

## ရခိုင်ပြည်နယ်နှင့် ပတ်သက်ပြီး ပြဿနာ ဖြစ်လာပါက တပ်မတော်ကို အဆိုးမဆိုရန် နစက ပြောရေးဆိုခွင့်ရှိသူ ပြောကြား

PUBLISHED 19 MAY 2022



ရခိုင်ပြည်နယ်နှင့်ပတ်သက်ပြီး ပြဿနာဖြစ်လာပါက တပ်မတော်ကို အဆိုးမဆိုရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌ ာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။

မေ ၁၉ ရက်တွင် နေပြည်တော်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် နစကဥက္ကဋ္ဌ ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ထားချိန်တွင် AA အဖွဲ့အနေဖြင့် NUG အဖွဲ့၊ ဘင်္ဂါလီအဖွဲ့များ နှင့်တွေ့ဆုံခဲ့မှုများအပေါ် တစ်စုံတစ်ရာတုံ့ ပြန်ရန် ရှိ မရှိ မေးမြန်းမှုအပေါ် အထက်ပါကဲ့ သို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ထိုသို့ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

“ဒီအချိန်မှာကျွန်တော်တို့ထိန်းသိမ်းနေတာက ရခိုင်ပြည်သူလူထု ဒုက္ခမရောက်စေချင်လို့ ထိန်းသိမ်းနေတာဖြစ်ပါတယ်။ စိတ်ရှည်သည်းခံပြီးတော့ ပြည်ထောင်စုနဲ့ ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့လုပ်နေ တာဖြစ်ပါတယ်။ အဲဒီအတွက် အခုဖြစ်နေတာ တွေနဲ့ပတ်သက်ပြီးတော့ ပြဿနာဖြစ်လာရင်တော့ တပ်မတော်ကိုအဆိုးမဆိုပါနဲ့လို့ပြောချင်ပါတယ် ” ဟု ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။

AA အဖွဲ့နှင့်ပတ်သက်၍ ရွေးကောက်ပွဲ မတိုင်မီ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပတ်သက်၍ ကူညီပေးနေသော ဂျပန်နိုင်ငံ မှ အကျိုးဆောင် ဆာဆာကာဝါ၏ စေ့စပ်ညှိနှိုင်းမှုကြောင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခဲ့ကြောင်း၊ ယခင်က လက်နက်ကိုင်ပဋိပက္ခတွေ များခဲ့သည့် ရခိုင်ပြည်နယ်တွင် ပြန်လည် ငြိမ်းချမ်း လာတာတွေ့ရကြောင်း၊ သို့ရာတွင်နောက်ပိုင်းတွင် AA အဖွဲ့အနေဖြင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများကို ဝင်ရောက်နှောင့်ယှက်လာသည်ကို တွေ့ရကြောင်း ၎င်းကဆိုသည်။

“အဲဒီနောက်ပိုင်းမှာ AA အနေနဲ့ ကျွန်တော်တို့ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရား တွေ ဝင်ရောက်လုပ်ဆောင်တာမျိုးတွေ၊ ဝင်ရောက်နှောင့်ယှက်တာမျိုးတွေ၊ ကျွန်တော် တို့တွေ့ရပါတယ်။ တော်တော်တော့ သည်း ညီးခံရပါတယ်။ တရားစီရင်ရေးစနစ်တွေက အစ သူတို့ဆီမှာလာ ပြီးမှ တရားစီရင်ရမယ်ဆိုတာမျိုးတွေတွေ့ရ ပါတယ်။ နောက်တစ်ခုက AA အနေနဲ့ကျွန် တော်တို့ ရခိုင်ပြည်နယ်မှာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် ပေါ့။ အဲဒီနေရာမှာ ယခင်ကလည်းလုပ်ပါ တယ်။ ဒီ ၂၀၂၂ ခုနှစ် ဇန်နဝါရီလောက်ကနေ စပြီး နည်းနည်းပိုပြီးစိတ်လာတယ်။ စိတ်လာတယ်ဆိုတာ ဘင်္ဂါလီတွေနဲ့ ပတ်သက်ပြီးတော့ လိုက်လံစည်း ရုံးတာပေါ့။ လိုက်လံစည်းရုံးတာ။ ကျွန်တော်တို့ရဲ့သိရတဲ့တရားဝင် မှတ်တမ်းအရဆိုရင် အနည်းဆုံး ၁၀ ကြိမ်နီးပါး လောက်ရှိပြီ။ သူတို့ဘာတွေ စည်းရုံးခဲ့တယ် ဆိုတာလည်း ကျွန်တော်တို့သိပါတယ်။ ဒါနဲ့ပတ်သက်ပြီးကျွန်တော်ပြောလိုတာက အကဲဆတ်တဲ့လုပ်ငန်းဖြစ်ပါတယ်။ အဲဒီ

ဘက်မှာဘာတွေဖြစ်ခဲ့တယ် ဆိုတာသိပြီးဖြစ် ပါတယ်။ ဘယ်လိုတွေဖြစ်ခဲ့ တယ်။ အခုချိန်ထိ ဘာတွေဖြစ်နေတယ်ဆိုတာလည်း အားလုံး သိပြီးဖြစ်ပါတယ် ”ဟု ဗိုလ်ချုပ်ဖော်မင်းထွန်း ကပြောကြားသည်။

ထို့ပြင် AA အနေဖြင့် နောက်ပိုင်း ပြောသည့်စကားများတွင် တိုက်ပွဲခေါ်နေသည့် ပုံစံ၊ လက်နက်ကိုင်ပဋိပက္ခကိုခေါ်နေသည့် ပုံစံမျိုးတွေ့လာရပြီး တပ်မတော်၏ တိုင်းစစ်ဌာနချုပ်အဆင့်အား ခြိမ်းခြောက်လာသည်ကိုတွေ့လာရကြောင်း ဗိုလ်ချုပ်ဖော်မင်းထွန်းက ပြောကြားသည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအပါအဝင် ကောင်စီထဲတွင် ပါဝင်နေသူအများစုသည် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင် ခဲ့ဖူး သူများဖြစ်သဖြင့် ရခိုင်ပြည်နယ်အခြေ အနေ၊ ဖွံ့ဖြိုးမှုနောက်မှုများကိုလည်းသိရှိသဖြင့် ရ ခိုင်ပြည်နယ်နှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်မှု  ကိစ္စများတွင် တပ်မတော်ကမည်မျှပါဝင်ပေး သည့်ကိုသိရှိကြကြောင်း၊ ဘူးသီးတောင်၊ မောင်တောတွင် ဖြစ်ခဲ့သည့်ကိစ္စများတွင်  တပ်မတော်က မည်သို့လုပ်ဆောင်ပေးခဲ့သည်  ဆိုသည့် မှတ်တမ်းမှတ်ရာ များလည်းရှိပြီး ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထို့အတူ ပုဂ္ဂလိကပိုင်းဆိုင်ရာကိစ္စရပ် တစ်ခုအဖြစ် AA အဖွဲ့ခေါင်းဆောင်၏ ဇနီး နှင့် ကလေးသည် ဆွတ်စ်ဇလန်နိုင်ငံတွင်နေ ထိုင်နေပြီး ၎င်း၏ယောက်ခမတော်စပ်သူ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦး စံကျော်လှက သမီးနှင့် မြေးဖြစ်သူရှိသည့် ဆွတ်စ်ဇလန်နိုင်ငံသို့ ၂၀၂၁ ခုနှစ် နိုဝင်ဘာတွင် သွားရောက်ရန် နစကထံ ခွင့်ပြုချက်တောင်းခံရာ နိုင်ငံတော်အကြီးအကဲများ သဘောထားကြီးစွာ ခွင့်ပြုပေးခဲ့ကြောင်းလည်း ဗိုလ်ချုပ်ဖော်မင်းထွန်းက ဆိုသည်။

https://news-eleven.com/article/230947

-----------------------------------------------------------------------------------------------------------

## စစ်တပ်က လူမျိုးတုံးသတ်ဖြတ်မှု ထပ်ကျူးလွန်ဖို့ လူမိုက်စကားပြောနေကြောင်းAA တုံ့ပြန်

2022.05.19



၂၀၂၀ ဧပြီလ ၁၀ ရက်နေ့မှာကျင်းပပြုလုပ်သည့် ULA/ AA တပ်တော်နေ့ အခမ်းအနားတွင် တွေ့ရသည့် စစ်ဦးစီးချုပ်ဗိုလ်ချုပ်ထွန်းမြတ်နိုင် Photo - AA

စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းဟာ ရခိုင်ပြည်နယ်မှာ စစ်တပ်က လူမျိုးတုန်းသတ်ဖြတ်မှု နောက်တစ်ခေါက်ကျူးလွန်ဖို့ လူမိုက်စကားပြောနေတာလို့   AA ပြောခွင့်ရသူ ဦးခိုင်သုခက ဝေဖန်လိုက်ပါတယ်။

နေပြည်တော်မှာ ဒီနေ့ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ   … ရက္ခိုင့်တပ်တော် ( AA) ရဲ့ လုပ်ဆောင်ချက်တွေမှာ တိုက်ပွဲခေါ်နေတဲ့ ပုံစံမျိုးတွေ တွေ့လာရကြောင်းနဲ့၊ စစ်တပ်အနေနဲ့ ရခိုင်ပြည်သူလူထု ဒုက္ခမရောက်စေဖို့ သည်းခံနေတာဖြစ်ပြီး ပြဿနာတစ်စုံတစ်ရာ ဖြစ်လာရင် "တပ်မတော်ကို အဆိုးမဆိုနဲ့" ဆိုပြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောခဲ့တာပါ။

**"သူတို့ပြောတာကတော့ ထုံးစံအတိုင်းပေါ့ဗျာ။ လူမိုက်စကားပြောနေတာလို့ပဲ ရှင်းရှင်းလင်းလင်း မြင်တယ်ဗျ။ ဒါက မြန်မာစစ်တပ်ကနေပြီးတော့ သူတို့ရဲ့လက် သုံးစကား ဖြစ်တယ်ဗျ။ အဲဒီစကားမျိုးကို အခုမှပြောတာမဟုတ်ပါဘူး။ အရင်လည်း အကြိမ်ကြိမ် ပြောပြီးပါပြီ။ အဲဒီစကားကို ထောက်လို့ရှိရင် မြန်မာစစ်တပ်ဟာ နောက်တစ်ကြိမ် ရခိုင်ပြည်မှာ လူမျိုးတုံးသတ်ဖြတ်မှုတွေ ကျူးလွန်ဖို့အတွက် သူတို့အစီအစဉ်ရှိနေပြီဆိုတာကို ဖော်ပြနေတာ ဖြစ်တယ်လို့ပဲ ကျနော်တို့ကတော့ မြင်တယ်ဗျ"**

ရခိုင်ပြည်သူတွေအပေါ် အမုန်းတကယ် ငဲ့ညှာတယ်ဆိုရင် မြန်မာစစ်တပ်ဟာ တစ်တိုင်းပြည်လုံး မီးတောက်လောင်နေအောင် လုပ်ဆောင်မှာမဟုတ်သလို သမိုင်းတစ်လျှောက် စစ်တပ်က သည်းခံနေရတယ်ဆိုတာ မရှိခဲ့ဘူးလို့လည်း ဦးခိုင်သုခက ပြောပါတယ်။

ရက္ခိုင့်တပ်တော် ( AA) နဲ့ NUG နဲ့ တွေ့ဆုံဆွေးနွေးတဲ့အပေါ် စစ်တပ်အနေနဲ့ ဒီအတိုင်းကြည့်နေမှာလား … ဆိုပြီး သတင်းစာရှင်းလင်းပွဲမှာ သူရိယနေဝန်းသတင်းဌာနက မေးမြန်းပြီး ဗိုလ်ချုပ် ဇော်မင်းထွန်းက ဖြေကြားခဲ့တာ ဖြစ်ပါတယ်။

**"AA အနေနဲ့က သူတို့ပြောတဲ့စကားတွေထဲမှာ ဘာတွေဖြစ်လာလဲဆိုတော့ တိုက်ပွဲကိုခေါ်နေတဲ့ ပုံစံမျိုး၊ လက်နက်ကိုင်ပဋိပက္ခကို ခေါ်နေတဲ့ ပုံစံမျိုး ကျနော်တို့ တွေ့လာရပါတယ်။ တိုင်းစစ်ဌာနချုပ်လောက်ကိုပဲ သူက ခြိမ်းခြောက်လာတဲ့ပုံစံမျိုး တွေ့ရတယ်။ ဒီအချိန်မှာ ကျနော်တို့လုပ်နေတာက၊ ထိန်းသိမ်းနေတာက ရခိုင်ပြည်သူလူထု ဒုက္ခမရောက်စေချင်လို့ ထိန်းသိမ်းနေတာမျိုးပဲ ဖြစ်ပါတယ်။ စိတ်ရှည် သည်းခံပြီးတော့ ပြည်ထောင်စုအတွက်၊ ငြိမ်းချမ်းရေးအတွက် လုပ်နေတာ ဖြစ်ပါတယ်။ အဲဒီအတွက် အခုဖြစ်နေတဲ့ဟာတွေနဲ့ ပတ်သက်ပြီးတော့ ပြဿနာဖြစ်လာရင်တော့ တပ်မတော်ကို အဆိုးမဆိုပါနဲ့လို့ပဲ ကျနော်ပြောချင်ပါတယ်"**

ပြီးခဲ့တဲ့ မေလ ၁၆ ရက်နေ့က ဗိုလ်ချုပ်ထွန်းမြတ်နိုင်နဲ့ ရက္ခိုင့်တပ်တော် ( AA) ခေါင်းဆောင်တွေဟာ အမျိုးသားညီညွတ်ရေးအစိုးရ NUG တာဝန်ရှိသူတွေနဲ့ အွန်လိုင်းဗီဒီယိုစနစ်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒ့ါပြင် အာဏာသိမ်းစစ်ခေါင်းဆောင်ရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်ကို AA အဖွဲ့က အကြောင်းမပြန်ကြားခဲ့သလို၊ ရခိုင်ပြည်နယ်မှာ စစ်ဆေးဖမ်းဆီးတာတွေ တိုးမြှင့်လုပ်ဆောင်နေတဲ့အပေါ် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးကို AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်က တွစ်တာလူမှုကွန်ရက်ကနေ သတိပေးခဲ့ပါတယ်။

AA အနေနဲ့ အုပ်ချုပ်ရေးယန္တရားတွေကို ဝင်ရောက်နှောင့်ယှက်တာတွေ ရှိကြောင်း၊ တရားစီရင်ရေးကဏ္ဍကိုလည်း AA ဆီမှာ တရားစီရင်ရမယ်ဆိုတာတွေရှိကြောင်း၊ ရိုဟင်ဂျာတွေနဲ့ တွေ့ဆုံစည်းရုံးမှုတွေလည်း ဆယ်ကြိမ်ထက်မနည်း လုပ်ဆောင်ခဲ့ကြောင်း ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောပါတယ်။ မိမိတို့အနေနဲ့ ငြိမ်းချမ်းရေးလိုလားတဲ့အတွက် AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်ရဲ့ ယောက်ခမ တော်စပ်သူ ဦးစံလှကျော်ကို လူသားချင်းစာနာတဲ့ အနေနဲ့ ဆွစ်ဇာလန်နိုင်ငံကို ထွက်ခွာခွင့်ပေးခဲ့တာလို့လည်း ပြောဆိုသွားပါတယ်။

https://www.rfa.org/burmese/news/aa-comment-on-army-press-05192022091958.html

---------------------------------------------------------------------------------------------

## ရခိုင်တွင် အရပ်သားများကို စစ်တပ်က ရှာဖွေ ဖမ်းဆီးမှုများ ပြုလုပ်လာ

By ဧရာဝတီ | 19 May 2022

ရခိုင်ပြည်နယ်အတွင်း လက်ရှိအချိန်တွင် စစ်ရေး တင်းမာမှုများ ရှိလာသလို စစ်ကောင်စီ တပ်သားများက အရပ်သား ပြည်သူများကို ရှာဖွေ ဖမ်းဆီးမှုများ တကျော့ပြန် ပြုလုပ်လာနေကြောင်း သိရသည်။

AA စစ်ဦးစီးချုပ် ဗိုလ်ချုပ် ထွန်းမြတ်နိုင်က အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးအား ၎င်း၏ တွစ်တာအကောင့်မှနေ၍ ကြိမ်းဝါးသံထွက်လာပြီးနောက် စစ်တပ်က ရခိုင်ကျေးရွာများသို့ ဝင်ရောက် ရှာဖွေ ဖမ်းဆီးမှု များ ပိုမိုလုပ်လာခြင်းဖြစ်ကြောင်းလည်း ရခိုင်အရပ်ဘက် လူမှုအဖွဲ့အစည်းများက ပြောသည်။

ရခိုင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ အဖွဲ့မှ ဒါရိုက်တာ အဖွဲ့ဝင် ဦးမြတ်ထွန်းက "ဗိုလ်ချုပ် ထွန်းမြတ်နိုင်က တိုင်းမှူးကို ကြိမ်းဝါးတဲ့ အနောက်ပိုင်းမှာ စစ်တပ်က အရင်ထက် ပိုပြီးတော့ ဂိတ်တွေမှာ စစ်ဆေးမှုတွေ လုပ်လာတာ တွေ့တယ်။ ကျေးရွာတွေကို ဝင်ပြီးတော့ အရင်ထက်ပိုပြီး ဖမ်းဆီးဖို့ ရှာဖွေတာတွေ၊ တနေ့က ဆိုရင်လည်း ရသေ့ တောင် စစ်ရှာင်စခန်းက လူငယ် ၃ ယောက် အဖမ်းခံရတယ်ဆိုပြီး သတင်း

တက်လာတာကို တွေ့တယ်။ ဆိုတော့ ဒါက တိုက်ပွဲ ကာလတုန်းကလို တကျော့ပြန် ဖမ်းဆီးမှုတွေ လုပ်လာတယ်လို့ သုံးသပ်လို့ ရတာပေါ့" ဟု ဧရာဝတီသို့ ပြောသည်။

ရသေ့တောင်မြို့ပေါ် ပြည်လုံးချမ်းသာ ဘုရားကြီး စစ်ရှောင်စခန်းတွင် ဝင်ရောက် ခိုလှုံနေသည့် အသက် ၁၇ နှစ်အရွယ် လူငယ် ၃ ဦးမှာ မေလ ၁၆ ရက် နေ့လယ်ပိုင်းတွင် ရသေ့တောင်- ပုဏ္ဏားကျွန်း ကားလမ်းအတိုင်း ဆိုင်ကယ်ဖြင့် သွား ရောက်စဉ် စစ်တပ် စစ်ဆေးရေးဂိတ်တခု၌ ဖမ်းဆီးခံလိုက်ပြီး လက်ရှိ အချိန်အထိ သတင်းစုံစမ်းမရ ဖြစ်နေကြောင်း လည်း မိသားစုဝင်များက ပြောသည်။

အာဏာသိမ်း စစ်ကောင်စီတပ်များသည် ရန်ကုန်- စစ်တွေ ကားလမ်းများပေါ်တွင် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ပြီး ခရီးသွား ပြည်သူများကို တင်းကျပ်စွာ စစ်ဆေးနေသလို မေလ ၁၆ ရက်ကလည်း ရခိုင်ပြည်နယ် တောင်ပိုင်း၊ တောင် ကုတ်မြို့ ၊ တန်းလွဲ ရွာမမြို့သို့ စစ်ကား၂ စီးဖြင့် ဝင်ရောက်ကာ ULA / AA အဖွဲ့နှင့် ပတ်သက် ဆက်နွယ်များကို ရှာဖွေ ဖမ်းဆီးနေကြောင်းလည်း မြို့ခံများက ဆိုသည်။

တန်းလွဲ ရွာမမြို့ခံတဦး "စစ်ကောင်စီတပ်က ကား ၂ စီးနဲ့ လာတာ။ ULA/AA အဖွဲ့ဝင်တွေ ရှိလားဆိုပြီးတော့ လမ်းမှာ တွေ့တဲ့ လူတွေကို မေးတယ်။ သူတို့ မသင်္ကာတဲ့ အိမ်တွေကို ဝင်ရှာတယ်။ ဒါမျိုးတွေ လုပ်တယ်။ ရွာက လူတော်တော် များများတော့ သူတို့ လာတာနဲ့ ရှောင်ရတာပေါ့။ စစ်တပ်နဲ့ နီးစပ်တဲ့ လူတွေနဲ့ သက်ကြီးရွယ်အိုတွေပဲ ရွာမှာ ကျန်ခဲ့ တယ်" ဟု ဧရာဝတီသို့ ပြောသည်။

လက်ရှိ အချိန်အထိလည်း အဆိုပါ စစ်ကောင်စီ တပ်သားများသည် တန်းလွဲရွာမ မြို့ ရဲစခန်းထဲတွင် နေထိုင်နေကြပြီး မသင်္ကာသည့် နေအိမ်များကို ဝင်ရောက် ရှာဖွေမှုများ ပြုလုပ်နေကြောင်းလည်း သိရသည်။

အာဏာသိမ်း စစ်တပ်နှင့် AA တို့သည် အောက်ခြေတွင် စစ်ရေးတင်းမာမှု မြင့်တက်လျက်ရှိရာ မေလ ၁၅ ရက်က လည်း ပလက်ဝ မြို့နယ် သံထောင်ကျေးရွာအနီးတွင် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း အာဏာသိမ်းစစ်တပ်နှင့် AA တို့ စစ်ရေး တင်းမာမှု မြင့်တက်လျက်ရှိနေသည်မှာ ကာလ အတန် ကြာခဲ့ပြီး ဖြစ်ကာ စစ်တပ်က နေရာအနှံ့ စစ်အင်အား တိုးချဲ့ပြီး ULA / AA ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး လုပ်ငန်း များကို အနှောင့်အယှက်ပေးနေသလို အဆိုပါ ကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုလည်း ဖမ်း ဆီးရန် ကြိုးစားနေကြောင်းလည်း AA သတင်းပြန်ကြားရေး ဌာနက ယနေ့ မေလ ၁၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထား သည်။

ရခိုင်နိုင်ငံရေးသမား ဦးဖေသန်းက စစ်တပ်နှင့် AA တို့သည် အောက်ခြေတွင် စစ်ရေး တင်းမာနေသည်မှာ အချိန် အတိုင်းတာတခုထိ ကြာမြင့်နေပြီဖြစ်ကာ နှစ်ဖက်တပ်များသည် နီးနီးကပ်ကပ် ဆိုင်ကြသည့် အခြေအနေကို တွေ့မြင့်ရ သည့်အတွက် အချိန်မရွေး တိုက်ပွဲ ပြန်လည် ဖြစ်ပွားနိုင်ကြောင်း သုံးသပ် ပြောဆိုသည်။

ဦးဖေသန်းက "နှစ်ဖက်နားလည်မှုနဲ့ တည်ဆောက်နေထားတဲ့ ငြိမ်းချမ်းရေးမှာ ယုံကြည်မှု ပျက်ပြားအောင် လုပ်လာ ရင်တော့ ယုံကြည်မှုပျက် သွားမှာပဲ။ သတိလည်း ပေးထားပြီးပြီ၊ ထပ်ပြီး သတိပေးထားရင်လည်း သူတို့က နောက် မဆုတ်၊ တနေ့ထက်တနေ့ ဖမ်းဆီးတာတွေ ရှိလာတယ်။ အမာခံတွေကို လိုက်ဖမ်းတာတွေ ရှိလာတယ်။ အဲဒီလိုမျိုး လုပ်နေတာကို AA ကလည်း ရေရှည်ကြည့်နေမှာ မဟုတ်ဘူး။ ပြည်သူတွေကို ကာကွယ်နိုင်အောင်တော့ AA ဘက်က လုပ်သွားမှာပဲ။ အဲဒီလိုမျိုး ဖြစ်လာရင်တော့ သေချာတယ် ထိပ်တိုက်တွေ့မှာပဲ" ဟု ဧရာဝတီသို့ ပြောသည်။

ရခိုင်ပြည်နယ်အတွင်း စစ်တပ်နှင့် AA တို့သည် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းကနေ ၂၀၂၀ နှစ်လယ်ပိုင်းအထိ တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ရခိုင်အရပ်သား ၂၀၀ ကျော်အထိ စစ်တပ်၏ ဥပဒေမဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ထိုသို့ ဖမ်းဆီးခံရသည့်ထဲတွင် စစ်တပ်၏ စစ်ကြောရေး ကာလအတွင်း ရခိုင် အရပ်သား ၂၀ နီးပါး သေဆုံးခဲ့ကာ လက်ရှိအချိန်အထိလည်း စစ်တွေ၊ ကျောက်ဖြူ၊ မြောက်ဦး စသည့် တရားရုံးတို့တွင်

ရခိုင်အရပ်သား ၃၀ ကျော် အကြမ်းဖက် ဥပဒေဖြင့် တရား ရင်ဆိုင်နေရဆဲ ဖြစ်ကြောင်း ရခိုင်အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ စာရင်းများအရ သိရသည်။

https://burma.irrawaddy.com/news/2022/05/19/251950.html

-----------------------------------------------------------------------------------------------

## NUG နဲ့ AA အဖွဲ့တို့ မြန်မာ့အကျပ်အတည်း ဖြေရှင်းရေးဆွေးနွေး

၁၉ မေ၊ ၂၀၂၂ | ဝင်းမင်း

မြန်မာနိုင်ငံမှာ ကြုံနေရတဲ့ နိုင်ငံရေး အကျပ်အတည်းတွေနဲ့ ပတ်သက်လို့ NUG အမျိုးသား ညီညွတ်ရေးအစိုးရအဖွဲ့ တာဝန်ရှိသူတွေနဲ့ မကြာသေးခင်က အွန်လိုင်းတွေ့ဆုံရာမှာ ဆွေးနွေးဖြစ်ခဲ့ကြောင်း AA ရခိုင်လက်နက်ကိုင်တပ်ဖွဲ့က ပြောပါတယ်။ ဆွေးနွေးမှု အသေးစိတ်ကို ထုတ်ဖော် မပြောခဲ့ပေမဲ့ နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးဖြစ်ကြောင်းလည်း ဆွေးနွေးပွဲမှာ ပါဝင်ခဲ့တဲ့ AA ပြောခွင့်ရ ဦးခိုင်သုခက ပြောပါတယ်။

AA အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင် နဲ့ NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင် တို့ ပါဝင်ဆွေးနွေးခဲ့တဲ့ တနင်္လာနေ့ တွေ့ဆုံမှုနဲ့ ပတ်သက်လို့ ဦးခိုင်သုခကို ကိုဝင်းမင်း ဆက်သွယ်မေးမြန်းတင်ပြထားပါတယ်။

ခိုင်သုခ ။. ။ NUG ကျနော်တို့ AA တာ့ အဓိက ဆွေးနွေးတာက လက်ရှိ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေပေါ့။ အပြန်အလှန်ဆွေးနွေးသုံးသပ်ခဲ့ကြတယ်။ အမြင်ချင်း ဖလှယ်ခဲ့ကြတယ်။ နောက်တခုက NUG အစိုးရဖက်က သူတို့လုပ်ဆောင်နေကြတဲ့ အခင်းအကျင်းတွေနဲ့ ပတ်သက်ပြီးတော့မှ ဆွေးနွေးတင်ပြခဲ့ပါတယ်။

ကိုဝင်းမင်း ။. ။ အဓိက အမြင်ချင်း ဖလှယ်ခဲ့တဲ့အခါမှာ ဘာတွေကို နှစ်ဖက်နားလည်မှုရခဲ့လဲ ။

ခိုင်သုခ ။. ။ ဒါတွေကတော့ အခုလောလောဆယ် အသေးစိတ်ထုတ်ပြောဖို့မရှိဘူးဗျ။ တဖက်နဲ့ တဖက် အများကြီးနားလည်မှုရှိတယ်လို့ ပြောရပါတယ်။

ကိုဝင်းမင်း ။. ။ တွေ့ကြတဲ့ အနေအထားကရော ဘာကြောင့်မို့ဖြစ်လာရလဲ။

ခိုင်သုခ ။. ။ ဒါကတော့ ကျနော်တို့ ULA/AA ရဲ့ မူဝါဒက အရင်ကလည်း ပြောထားပြီးသားရှိတယ်။ လက်ရှိပြည်မနေ ဗမာလူမျိုးတွေရဲ့ အဖိနိုပ်ခံ စစ်အာဏာရှင်အောက်က လွတ်လပ်ရေးကြိုးပန်းမှုကို သူတို့ရဲ့ တော်လှန်တိုက်ခိုက်မှုကို လေးစားတယ်ဆိုတာ တောက်ရှောက်ပြောလာတာရှိတယ်။ ဒါကြောင့်မို့ အဖိနိုပ်ခံဘဝက လွတ်မြောက်ရေးကြိုးပန်းသူတွေအနေနဲ့ ကျနော်တို့နဲ့တွေ့ချင်တယ်ဆိုတော့ ကျနော်တို့ကလည်း ၂ ဖက် လိုလိုလားလားနဲ့ တွေ့ဆုံကြတဲ့ သဘောပါပဲ။

ကိုဝင်းမင်း ။. ။ နောက်တခုက ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေဖြစ်လာနိုင်တယ်ဆိုပြီး ကြေညာချက်ထုတ်ထားတဲ့အပေါ်မှာ အခုလိုတွေ့တာကရော ထူးခြားမှုရှိလား။

ခိုင်သုခ ။. ။ ဒါက လက်ရှိဖြစ်ပေါ်နေတဲ့ အနေအထားမှာ တွေ့တယ်ဆိုတာထက် ကျနော်တို့ တွေ့သင့်တဲ့အချိန်မှာ တွေ့တာပါ။ ကျနော်တို့လည်း အလုပ်ရှုပ်နေလို့ အခုမှတွေ့တာပါ။

ကိုဝင်းမင်း ။. ။ ဒီနေရာမှာ အခုတွေ့တာကြောင့် ရှေ့မှာဘာများဖြစ်လာနိုင်လဲ။

ခိုင်သုခ ။. ။ ကြိုပြောဖို့တော့ ခက်တာပေါ့။ လက်ရှိ ရခိုင်ပြည်ထဲမှာ ကျနော်တို့နဲ့ တင်းမာမှုတွေကတော့ရှိနေတာပေါ့။ အခြေအနေကတော့ အချိန်မရွေး တိုက်ပွဲဖြစ်နိုင်တယ်။ စစ်ကောင်စီအနေနဲ့ တဖက်က ငြိမ်းချမ်းရေးခေါ်ပြီး တပ်တွေတိုးချနေတယ်။ နောက်ပြီး ရခိုင်ပြည်သူတွေကို ပိတ်ဆိုတာတွေရှိတယ်။ နောက် ကုန်စည်စီးဆင်းမှုတွေကို တားဆီးတာရှိတယ်။ ကျနော်တို့

တရားရေးဝန်ထမ်းတွေကို ဖမ်းဖို့လုပ်တာရှိတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ဖမ်းတာလုပ်နေတယ်။ လူမျိုးရေး ဘာသာရေး မှိုင်းတိုက်ပြီး ပဋိပက္ခဖြစ်အောင်လုပ်တာရှိတယ်။ ဒီဟာတွေကြောင့် တင်းမာမှုတွေက ပိုဆိုးလာနေတယ်။

ကိုဝင်းမင်း ။. ။ ဒါဆိုဘယ်လိုလုပ်ဖို့ရှိမလဲ။

ခိုင်သုခ ။. ။ မြန်မာစစ်တပ်ဖက်က သူတို့လုပ်နေတာ စစ်ရေးလှုပ်ရှားမှုတွေ ပြည်သူအပေါ်ဖိနှိပ်မှုကို ရပ်တန့်ဖို့လိုတယ်။ ဒါမှာ ရှေ့ဆက်လို့ရမှာပေါ့။ စစ်ရေးအရလုပ်နေတာက တဖက်နဲ့ တဖက် ယုံကြည်မှုကို ထိခိုက်စေတာပေါ့။ လောလောဆယ်တော့ တဖက်နဲ့ တဖက် တွေ့ဆုံဆွေးနွေးဖို့က မရှိသေးဘူးလို့ ပြောလို့ရတာပေါ့။

https://burmese.voanews.com/a/aa-nug-military-council/6579726.html

-----------------------------------------------------------------------------------------------

## အမ်းမြို့နယ်မှာ ဒေသခံတစ်သောင်းကျော် ဆန်ရိက္ခာဖြတ်တောက်ခံထားရ

2022.05.19



အမ်းမြို့နယ် ဒါးလက်ချောင်းဒေသမှ ထွက်ပြေးတိမ်းရှောင်လာသူများကို ၂၀၂၀ ခုနှစ်က တွေ့ရစဉ် Photo: CJ

ရခိုင်ပြည်နယ် အမ်းမြို့နယ် ဒါးလက်ချောင်းအုပ်စုက ကျေးရွာတွေကို ပြီးခဲ့တဲ့ မေလ ၆ ရက်နေ့ကစလို့ စစ်ကောင်စီတပ်က ဆန်ရိက္ခာသယ်ယူခွင့် ပိတ်ပင်ထားတာကြောင့် ဒေသခံ တစ်သောင်းကျော် စားနပ်ရိက္ခာ အခက်အခဲဖြစ်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒါးလက်ချောင်းအုပ်စုကို ဝင်တဲ့လမ်းမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်သားတွေက ကုန်းလမ်းကရော ရေလမ်းကပါ ဆန်ရိက္ခာတင်ယူခွင့်ကို ပိတ်ထားတာလို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ဒေသခံတစ်ဦးက RFA ကို ပြောပါတယ်။

**“သူတို့က ကုန်းလမ်းကရော၊ ရေလမ်းကရော ဆန်ရိက္ခာတင်ခွင့်မပေးဘူး။ ပြီးရင် ဓာတ်ဆီကိုလည်း မတင်ရဘူး။ ဆန်တစ်အိတ်တင်တာတောင် စစ်ဆေးမေးမြန်းတာတွေ လုပ်တယ်။ မနည်းပြောယူရတယ်။ အဲဒါတောင် တင်ခွင့် မရရင် မရဘူး။ အခု ရွာမှာရှိတဲ့ဆန်တွေကလည်း ဈေးတက်ကုန်ပြီ။ ဒီမှာ အများစုက လက်လုပ် လက်စားတွေဆို တော့ အကုန်လုံး အခက်အခဲဖြစ်နေကြတယ်။ ဒီအတိုင်းသားဆိုရင် ဘယ်လိုမှ အဆင်မပြေဘူး”**

အရင်တုန်းကဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးတွေရဲ့ ခွင့်ပြုချက်နဲ့ ဆန်ရိက္ခာတွေကို အကန့်အသတ်နဲ့ တင်ခွင့်ရခဲ့ပေမယ့် အခုတော့ စစ်တပ်နဲ့ ရက္ခိုင့်တပ်တော် ( AA) တို့ကြားမှာ စစ်ရေးတင်းမာနေတာကြောင့် တင်ခွင့်မပေးတာ ဖြစ်နိုင်တယ်လို့လည်း ဆိုပါတယ်။

ဒါးလက်ချောင်းအုပ်စုမှာ ဒါးလက်အနောက်ကျေးရွာ၊ ဒါးလက်မြောက်ကျေးရွာ၊ ဒါးလက်တောင်ကျေးရွာ အပါအဝင် ကျေးရွာပေါင်း ၄၂ ရွာရှိပြီး အများစုကတော့ ချင်းတိုင်းရင်းသားတွေ နေထိုင်ကြတာပါ။

အဲဒီဒေသဟာ တောင်ပေါ်ဒေသဖြစ်တာကြောင့် ဆန်စပါးတွေကို တခြားဒေသတွေဆီကနေ ဝယ်ယူ စားသောက်နေရတဲ့ ဒေသဖြစ်ပါတယ်။

အခုလက်ရှိမှာတော့ ကျေးရွာအကြီးအကဲတွေစုပြီး ရိက္ခာ တင်ဆောင်ခွင့်ရရေးအတွက် ညှိနှိုင်း ဆောင်ရွက်ဖို့ ကြိုးပမ်းနေပြီး သူတို့က ခွင့်မပြုရင်တော့ ထမင်းငတ်မယ့် အခြေအနေဖြစ်နေပြီလို့လည်း ပြောပါတယ်။

အမ်းဒေသခံ တစ်ဦးဖြစ်တဲ့ ကိုမျိုးလွင်ကတော့ စစ်ကောင်စီအနေနဲ့ အခုလို ဒေသခံတွေကို ရိက္ခာဖြတ်တောက်တာ မဖြစ်သင့်ဘူးလို့ ပြောပါတယ်။

**"အဲဒီဒေသဟာ ဆန်စပါးအထွက်နည်းတယ်။ တခြားနေရာတွေကပဲ ဝယ်ယူ စားသောက်နေကြရတာ။ အဲဒါကို ဆန်ရိက္ခာတင်ခွင့်ပိတ်ပင်လိုက်တာက မဖြစ်သင့်ဘူး။ ဒါဟာ သူတို့ရဲ့ ရှင်သန်ရပ်တည်ဖို့ ထိခိုက်စေတယ်။ ဒီလို လူသားမျိုးနွယ်အပေါ် အသက်ရှင်သန်နိုင်ရေးကို ထိခိုက်စေတဲ့အတွက် နိုင်ငံတကာဥပဒေအရလည်း ရာဇဝတ်မှု မြောက်တယ်"**

ဒါကြောင့် စစ်ကောင်စီအနေနဲ့ ဆန်ရိက္ခာတင်သွင်းခွင့်ကို ခွင့်ပြုပေးသင့်တယ်လို့လည်း ဆိုပါတယ်။

အခုလို စားနပ်ရိက္ခာတွေ ကန့်သတ်ခံထားရတာနဲ့ ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းကို  RFA က ဒီနေ့မနက်က ဖုန်းနဲ့ ဆက်သွယ်ခဲ့ပေမယ့် အကြောင်းမပြန်ပါဘူး။

ရက္ခိုင့်တပ်တော် ( AA) နဲ့ စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲတွေကြောင့် ဒါးလက်ချောင်းအုပ်စုက ဒေသခံတွေဟာ ယခင်က အမ်းမြို့ကို ထွက်ပြေးတိမ်းရှောင် ခဲ့ကြရတာပါ။ အဲဒီဒုက္ခသည်တွေကို ပြီးခဲ့တဲ့ မတ်လက စစ်ကောင်စီကနေ ငွေကျပ် ငါးသိန်းစီထောက်ပံ့ပြီး နေရပ်ကို ပြန်ပို့လိုက်တာလည်းဖြစ်ပါတယ်။

https://www.rfa.org/burmese/news/ann-locals-food-cut-out-05192022082252.html

-----------------------------------------------------------------------------------------------------------

## သေ့ဘောဘိုးတိုက်ပွဲတွင် စစ်ကောင်စီတပ်သား ၆ ဦးကို အရှင်ဖမ်းမိပြီး လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

Published By DVB | 19 May, 2022



ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ သေ့ဘောဘိုးကျေးရွာအနီးက စစ်ကောင်စီရဲ့တပ်စခန်းကို မေ ၁၈ ရက် မွန်းလွဲပိုင်းမှာ KNLA နဲ့ ပူးပေါင်းတပ်ဖွဲ့တွေကတိုက်ခိုက်သိမ်းပိုက်ခဲ့ရာမှာ စစ်ကောင်စီတပ်သား ၆ ယောက်ကို အရှင်ဖမ်းမိပြီး  လက်နက်မျိုးစုံ ၁၂ လက်နဲ့အတူ လက်နက်ခဲယမ်းတွေ သိမ်းဆည်းရမိခဲ့တယ်လို့  ကော်ဘရာစစ်ကြောင်းက သတင်းထုတ်ပြန်ထားပါတယ်။

မနေ့ မနက် ၉ နာရီက စတင်ပြီး  စစ်ကောင်စီရဲ့ တပ်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ညနေ ၄ နာရီလောက်အထိ တိုက်ပွဲချိန်ကြာမြင့်ခဲ့ပြီး ရန်သူ့တပ်စခန်းကို ကော်ဘရာစစ်ကြောင်းနဲ့ ပူးပေါင်းတပ်ဖွဲ့တွေက အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့တယ်လို့ဆိုပါတယ်။

အဆိုပါတိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် တပ်ကြပ်ကြီး နိုင်အောင်၊ တပ်ကြပ်ကြီး တင်စိုး၊ တပ်ကြပ် ကျော်ထွန်း၊ ဒုတပ်ကြပ် မျိုးလင်းဇော်၊ တပ်သားမောင်ထိုက်နဲ့ တပ်သား နိုင်လင်းအောင်တို့ ၆ ဦးကို အရှင်ဖမ်းဆီးရမိခဲ့ရာ စစ်သုံ့ပန်း စည်းမျဉ်း၊ ဥပဒေတွေနဲ့ အညီ ကောင်းမွန်စွာ ထိန်းသိမ်းထားပြီး လိုအပ်တဲ့ဆေးဝါးကုသမှုတွေကို ဆောင်ရွက်ပေးထားတယ်လို့ဆိုပါတယ်။

တိုက်ပွဲမှာ စစ်ကောင်စီဘက်က သေဆုံးသူအနည်းဆုံး ၁၀ ယောက်လောက်ရှိနိုင်ပြီး ဒီနေ့မနက်လည်း သေ့ဘောဘိုးကျေးရွာအနီးကမှာ စစ်ကောင်စီတပ်ဖွဲ့ဝင် နောက်ထပ် ၂ ယောက်ကို ဖမ်းဆီးရမိတယ်လို့ ကေအန်အယ်လ်အေ သတင်းရင်းမြစ်ကပြောပါတယ်။

မနေ့က တိုက်ပွဲမှာ ကော်ဘရာစစ်ကြောင်းနဲ့ ပူးပေါင်းတပ်ဖွဲ့ဘက်က တော်လှန်ရေးရဲဘော် ၃ ဦး ကျဆုံးပြီး ၄ ဦး မစိုးရိမ်ရဒဏ်ရာ ရရှိခဲ့တယ်လို့ ဆိုပါတယ်။

စခန်းသိမ်းတိုက်ပွဲအတွင်း ၈၁ မမ တာဝေး စိန်ပြောင်း ၁ လက်၊ ၆၀ မမ တာဝေးစိန်ပြောင်း ၁ လက်၊ MA -10 အမျိုးအစား RPG ၁ လက်၊ ၆၀ မမကွန်မန်ဒိုစိန်ပြောင်း ၁ လက်၊ MG - 3 စက်လတ် ၁ လက်၊ MA - 2 ၄ လက်၊ MA - 3 ၂ လက်၊ MA - 5 ၁ လက် ၊ ၆၀ မမ ဗုံးသီး ၁၀ လုံး၊ ၈၁ မမ ၁၄ လုံး၊ RPG ဗုံးသီး ၄၆ လုံး ယမ်းတောင့် ၁၆ တောင့်၊ တိုက်မိုင်း ၅ လုံး၊ ကျည်ကာ အင်္ကျီ ၃ ထည်၊ နင်းမိုင်း အကြီး ၃ လုံး၊ နင်းမိုင်းအသေး ၅ လုံး၊ အချက်ပြ သေနတ် ၂ လက်၊ ဒရုန်း ၁ စီး၊ မှန်ဘီလူး၂ လက်၊ ကျည်ကာဦးထုတ် ၄ လုံး သိမ်းဆည်းရမိခဲ့ပါတယ်။

ဒါအပြင် ကျည်ဘောက် ၂၇ ခု၊ ဆက်သွယ်ရေးစက် TS-2000 ၁ ခု၊ သံလိုက်အိမ်မြှောင် ၁ ခု၊ မြေပုံ ၁ ချပ်၊ မိုင်းရှာစက် ၁ ခု၊ လျို့ဝှက်စာရွက်စာတမ်း (အစုံ)၊ ဆက်သွယ်ရေးစက် ဘက်ထရီ ၁ ခု၊ စက်လတ်ကျည်ခါးပတ်တွဲ ၁ ခု၊ ၅.၅၆ ကျည် ၃၀၀၀ တောင့် ခန့်၊ ၇.၆၂ ကျည် ၄၀၀၀ တောင့်ခန့်၊ အချက်ပြကျည် ၁၀ တောင့်၊ ဆက်သွယ်ရေးစက် အသေး ၁ လုံး၊ ဂျန်မာစက် ၁ လုံးတို့အား (ကနဦး) သိမ်းဆည်းရမိခဲ့ပါတယ်။

သေ့ဘောဘိုးစခန်းကို တိုက်ခိုက်သိမ်းပိုက်နေစဉ်တလျှောက်လုံး စစ်ကောင်စီက လေကြောင်းကနေ ATR - 42 အမျိုးအစား ကင်းထောက်လေယာဉ် ဝဲပျံခဲ့သလို မော်ဘီနဲ့ တောင်ငူ လေတပ်စခန်းက အမောင်းသင် တိုက်ခိုက်ရေးလေယာဉ် Yak- 130 အမျိုးအစား ၂ စီး၊ ဗုံးကြဲ လေယာဉ် အမျိုးအစား K-8 လေယာဉ် ၂ စီး၊ ဘက်စုံသုံး တိုက်ခိုက်ရေးလေယာဉ် MiG -29 ၁ စီးဖြစ်ပြီး လေကြောင်း တိုက်ခိုက်မှုပေါင်း ၃၅ ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အဆိုပါ တိုက်ပွဲဖြစ်ပွားရာဒေသကို ကော်ဘရာစစ်ကြောင်းနဲ့ပူးပေါင်းတပ်ဖွဲ့တွေက နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်နေကြပြီး တိုက်ပွဲကြောင့် သေ့ဘောဘိုးနဲ့ ပတ်ဝန်းကျင် ကျေးရွာတွေက ရွာသား ၃၀၀ လောက် ထိုင်းနိုင်ငံဘက်ကို စစ်ဘေးရှောင် ထွက်ပြေးခဲ့ကြရပါတယ်။

https://burmese.dvb.no/archives/534113

---------------------------------------------------------------------------------------------------

## သေ့ဘောဘိုးစခန်းသိမ်းတိုက်ပွဲအတွင်း သုံ့ပန်း ၆ ဦးနှင့် လက်နက်ခဲယမ်းအမြောက်အများသိမ်းဆီးရမိ

**မေလ ၁၉ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



Photo: CJ

ယမန်နေ့က သေ့ဘောဘိုးအခြေစိုက် စစ်ကောင်စီစခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA၊ ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့-KNDO ပူးပေါင်းတပ်ဖွဲ့ဝင် တက်ရောက်တိုက်ခိုက် သိမ်းပိုက်ပြီးနောက် စခန်းအတွင်း စစ်ကောင်စီစစ်သုံ့ပန်း ၆ ဦးနှင့်အတူ လက်နက်ခဲယမ်း အမြောက်အများ သိမ်းဆီးရမိခဲ့ကြောင်း တိုက်ပွဲအတွင်းပါဝင်တိုက်ခိုက်ခဲ့သူ တပ်မှူးတစ်ဦးက ပြောသည်။

မေလ ၁၈ ရက် နံနက်ပိုင်းက သေ့ဘောဘိုး စစ်ကောင်စီတပ်စခန်းရှိ စစ်ကောင်စီတပ်နှင့် KNLA / KNDO ပူးပေါင်းတပ်များအကြား တိုက်ပွဲစတင်ဖြစ်ပွားနေပြီး သေ့ဘောဘိုးစခန်းအား မွန်းလွဲပိုင်းမှသာ KNLA ပူးပေါင်း အဖွဲ့များဘက်က တက်ရောက်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

လတ်တလော ကနဦးရှင်းလင်းမှုအပြီးအတွင် စစ်သုံ့ပန်း ၆ ဦးနှင့် လက်နက်ခဲယမ်းများစွာကို သိမ်းဆည်း ရမိခဲ့သည်ဟု KNDO အထူးတပ်ရင်း တပ်ခွဲ(၂) တပ်ခွဲမှူး စောဟယ်ရီက ယခုလိုပြောသည်။

"အခုလောလာဆယ်က ၆ ဦးအရှင်ဖမ်းမိတယ်။ ကျန်တဲ့သူတွေက ထွက်ပြေးနေကြတာ လိုက်ဖမ်းလို့ အကုန်မမိ သေးဘူး။ လက်နက်တွေလည်း အခုသိမ်းဆည်းရမိထားတာတွေ ရှိတယ်။ ဒါပေမဲ့ ညနေလောက်ကျရင် ထပ်ဖမ်း မိ သိမ်းမိအုံးမလားမသိသေးတော့ လောလောဆယ်က ၈၁ မမတစ်လက်၊ ၆၁ မမ နှစ်လက်နဲ့ စက်လတ်(စက်သေနတ်)တစ်လက်နဲ့ လက်နက်ငယ် ၇ လက်ရတယ်။ ကျည်ကတော့ ပြောမနေနဲ့ အများကြီးရ တယ်" ဟု ကေအိုင်စီ သို့ပြောသည်။

စခန်းသိမ်း တိုက်ပွဲအပြီး ဖမ်းဆီးသိမ်းဆည်းရမှုစာရင်းကို KNLA/KNDO ပူးပေါင်းတပ်ဖွဲ့ဘက်မှ တရားဝင် ထုတ်ပြန်ထားခြင်းမရှိသေးသော်လည်း လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ထွက်ပေါ်လာသည့် ရုပ်ပုံများအရ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများတွင် ၈၁ မမ၊ ၆၁ မမ၊ RPG၊ MA 3 စသည့် လက်နက်များအပြင် လက် နက်ကြီးကျည်များ၊ လက်နက်ငယ်ကျည်များ၊ လက်ပစ်ဗုံးများ၊ ထောင်မိုင်းများနှင့် ဆက်သွယ်ရေး စက်များ၊ ဒရုန်း ယာဥ်ငယ်အပြင် ညကြည့် မှန်ပြောင်းများပါ ပါဝင်ကြောင်းတွေ့ရသည်။

အဆိုပါ တိုက်ပွဲဖြစ်ပွားရာသို့ စစ်ကောင်စီဘက်မှ အထိနာသဖြင့် လေကြောင်း ကင်းထောက် လေယာဥ်ဖြင့် ကင်းထောက်ပေးပြီး ဂျက်တိုက်လေယာဥ်နှင့် တိုက်ခိုက်ရေး ရဟက်ယာဥ် ၄ စင်းအသုံးပြု၍ အကြိမ်ပေါင်း ၃၀ ထက်မနည်း လေကြောင်းပစ်ကူပေးခဲ့သည်ဟု သိရသည်။

အဆိုပါ စခန်းတွင် စစ်ကောင်စီ အင်အား ၂၅ ဦးခန့်ရှိပြီး ၆ ဦး အရှင်ဖမ်းမိထားကာ ၁၀ ဦးခန့် လွတ်မြောက်နေဆဲ ဖြစ်ပြီး ကျန်သူများမှာ တိုက်ပွဲအတွင်း သေဆုံးသွားပြီဖြစ်ကြောင်း KNDO တပ်မှူးက အတည်ပြုပြောဆိုသော် လည်း စစ်ကောင်စီဘက် ထိခိုက်ကျဆုံးစာရင်းနှင့် ဖမ်းဆီးရမိမှုတွင် အဆင့်ရာထူး အသေးစိတ်ကိုမူ တရားဝင် ထုတ်ပြန်ခြင်းမရှိသေးကြောင်း တွေ့ရသည်။

၎င်းစခန်းသိမ်းတိုက်ပွဲအတွင်း စစ်ကောင်စီဘက်မှ အထိအခိုက် အကျအဆုံးများပြားသလို KNLA/KNDO ပူးပေါင်း တပ်ဖွဲ့ဘက်တွင်လည်း ၃ ဦးကျဆုံးက ၄ ဦးထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တိုက်ပွဲအတွင်း စစ်ကောင်စီ၏ လေကြောင်း ပစ်ကူများကြောင့် မြေပြင်တွင် သေ့ဘောဘိုး၊ ဥကလိထ၊ ဘလယ်ဒို ဒေသခံများမှာ ထိုင်းနိုင်ဘက်အခြမ်းသို့ အရေးပေါ် စစ်ဘေးရှောင်နေကြရပြီး နေအိမ်အဆောက်အဦးများ၊ ကျောင်းဆောင်အချို့ ထိခိုက် ပျက်စီးသွားကြောင်း နယ်မြေခံ သတင်းအရင်းအမြစ်များထံမှ သိရသည်။

အဆိုပါ စခန်းသိမ်းဆည်းရမိမှုဖြစ်စဥ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ KNLA/KNDO ပူးပေါင်းတပ်ဖွဲ့များအနေ ဖြင့် အသေးစိတ် သတင်းထုတ်ပြန်ထားခြင်းမရှိသေးကြောင်း တွေ့ရသည်။

https://kicnews.org/2022/05/သေ့ဘောဘိုးစခန်းသိမ်းတိ/

------------------------------------------------------------------------------------------------

## သေ့ဘောဘိုး တိုက်ပွဲကြောင့် ထိုင်းဘက်ခြမ်း တိမ်းရှောင်ကြသော ဒေသခံရွာသားများ နေရပ်မပြန်ရဲကြသေး

**မေလ ၁၉ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



Photo: CJ

မြဝတီမြို့တောင်ဘက်ရှိ သေ့ဘောဘိုး စစ်ကောင်စီ စခန်းအား မေလ ၁၈ရက်က ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် -KNLA၊ ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့-KNDO ပူးပေါင်း တပ်ဖွဲ့ များ တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် တိုက်ပွဲဖြစ်စဥ်ကြောင့် ထိုင်းဘက်ခြမ်းသို့ တိမ်းရှောင်ခဲ့ကြသည့် ဒေသခံ ရွာသား ၃၀၀ ခန့်မှာ ယခုအချိန်ထိ နေရပ်မပြန်ရဲသေးကြောင်း သိရသည်။

ယမန်နေ့ သေ့ဘောဘိုး စခန်းသိမ်းတိုက်ပွဲတွင် စစ်ကောင်စီတပ်ဘက်က လေကြောင်းဖြင့် အပြင်းအထန် ပုံးကြဲတိုက်ခိုက်မှုလုပ်ဆောင်သောကြောင့် ဘလယ်ဒို၊ သေ့ဘောဘိုးနှင့်အနီးအနား တောင်ယာစုများတွင် နေထိုင်သည့် ဒေသခံများမှာ ထိုင်း-မြန်မာနယ်စပ် ဖုတ်ဖရကျေးနယ်အပိုင် ကျေးရွာများဘက်သို့ တိမ်းရှောင်ခဲ့ကြရခြင်းဖြစ်သည်။

" ၁၇ ရက်ညက တိုက်ပွဲကြီးတော့ ရွာအပြင် ထွက်ပုန်းရှောင်အိပ်ပြီးတော့ မနက်ပိုင်းမှာ ထိုင်းဘက်ကမ်းဘက်မှာ ပြောင်းနေကြတယ်၊ တချို့လည်း ဘုန်ကြီးကျောင်းမှာ သွားစုနေတယ်။ ထိုင်းဘက်ကတော့ ကျေးရွာလူမှုရေး အဖွဲ့တွေကတော့ ထမင်း ၊ မုန့်၊ ရေသန့်၊ အချိုရည်တွေ လာပို့ပေးတယ်၊ မနေ့ကရော၊ ညကရော လေယာဉ်က ပုံးကြီးတွေ ကြဲချရာမှာရွာက အိမ်တွေထိတယ်တော့ ကြားသိရတယ်၊ ပြန်တော့ မကြည့်ရဲသေးဘူး " ဟု ထိုင်းဘက် စစ်ရှောင်နေရ သူတစ်ဦးက ပြောသည်။

KNU တပ်မဟာ ၆ ဒေသအတွင်း လေးကေ့ကော်၊ ဒေသတိုက်ပွဲများ ၅ လကျော် ကြာမြင့် လာချိန်တွင် သေ့ဘောဘိုး၊ ဝေါလေ၊ ကနဲလေးဒေသများဘက်သို့ စစ်ကောင်စီတပ်များ အင်အားဖြည့်တင်းကာ နယ်မြေရှင်းလင်းရေး ထိုးစစ်ဆင် တိုက်ခိုက်ရန် ပြင်ဆင်လုပ်ဆောင်နေမှုများကြောင့် ဒေသခံကျေးရွာများ ဖြစ်သော ဘလယ်ဒို၊ သေ့ဘောဘိုး၊ ရွှေအေးမြိုင်၊ ဥက္ကရိထ၊ တနောထ၊ စုကလိ၊ ထီးသဲဘလယ်၊ ကျေးရွာများမှ ဒေသခံများမှာ တိုက်ပွဲလွတ်ရာထိုင်း မြန်မာနယ်စပ်ဘက်သို့ အစုလိုက် စစ်ဘေးရှောင်နေကြရသူ တစ်ထောင်ဂန်းကျင်ခန့် ရှိနေကြောင်း သိရှိရသည်။

[https://kicnews.org/2022/05/သေ့ဘောဘိုး-တိုက်ပွဲကြော/](https://kicnews.org/2022/05/သေ့ဘောဘိုး-တိုက်ပွဲကြော/)

--------------------------------------------------------------------------------

## စစ်ကောင်စီ၏ ဖမ်းဆီးခံထားရသူ အရပ်သား ၉၀ ကျော် တစ်ပတ်ကျော်ကြာထိ ပြန်မလွှတ်လာသေး

**မေလ ၁၈ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



သထုံခရိုင်၊ ဘီးလင်းမြို့နယ် စစ်ကောင်စီ လေးကေစခန်းထဲတွင် စစ်ကောင်စီတပ်နှင့် နယ်ခြားစောင့်တပ်-BGF တပ်က ဖမ်းဆီးထားသည့် အရပ်သား ၉၀ကျော်ရှိပြီး တစ်ပတ်ကျော်ကြာသည်အထိ ပြန်လည်လွှတ်လာခြင်း မရှိသေးကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

မေလ ၅ရက်နေ့ကတည်းက စစ်ကောင်စီ၊ လေးကေစခန်းနှင့် ဝင်းတာပန်စခန်းကို စစ်ကူတက်လာသည့်အချိန်တွင် လမ်းတစ်လျှောက်တွင် ဒေသခံလူထုများကို ပေါ်တာထမ်းရန်နှင့် လူသားဒိုင်းသဖွယ် ပြုလုပ်ရန် လိုက်လံဖမ်းဆီးပြီး နောက် လေးကေစခန်းတွင် ဖမ်းဆီးခေါ်ဆောင်ထားသော်လည်း ယခုအချိန်ထိ ပြန်လွှတ်ပေးခြင်းမရှိရသေးကြောင်း ဒေသခံများက ပြောသည်။

ဒေသခံတစ်ဦးက "သူတို့ ဖမ်းထားတာကြာပြီး ဖမ်းတဲ့လူတွေကို ပြန်လွှတ်တာ မကြာသေးဘူး။ အခု ဘီးလင်းမြို့နယ်မှာ အဲဒီအဖမ်းခံရတဲ့ရွာတွေမှာလည်း ဒေသခံလူထုတွေက ထွက်ပြေးကြတယ်ဆိုတော့ အဖမ်းခံရတဲ့လူတွေ အခြေအနေ ဘယ်လိုရှိလဲ။ ဘယ်သူမှ မသိဘူး။ တကယ်လို့ ထွက်လာရင်တော့ သတင်းတွေကြားရမယ်။ အခုက ဘာမှမကြားရဘူး" ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် ဖားအံမြို့နယ် ဝဲပျံ၊ ပေပင်ဆိပ်၊ ဘုရားစင်ရွာ စသည့်ကျေးရွာများတွင် ဒေသခံလူထုများ အဖမ်းဆီးခံရခြင်းရှိ သည့်အပြင် ကျေးရွာထဲတွင် BGF အဖွဲ့ဝင်များ ငွေကြေးကောက်ခံမှုရှိသည်ဟုလည်း အမည်မဖော်လိုသူ ဒေသခံတစ်ဦး က ယခုလို ပြောသည်။

၎င်းဒေသခံက “လူတွေကို ဖမ်းတာမကဘဲ ဖားအံမြို့နယ်မှာ BGF နဲ့ စစ်တပ်က ရွာတော်တော်များများမှာ ပိုက်ဆံ တောင်းတယ်။ အချိန်သုံးရက်ပဲ ပေးတယ်။ ဒေသခံတချို့က ပိုက်ဆံရှိတာ မဟုတ်ဘူး။ တချို့ဆို ပိုက်ဆံ ၁သောင်း ၂သောင်းတောင် လက်ထဲမှာ မရှိဘူး။ သူများဆီက ပိုက်ဆံချေးပြီးပေးရတယ်။ မပေးရင် ရွာကို ပြန်ခြိမ်းခြောက်မှာကို ကြောက်တော့ အခုဆိုရင် သူတို့တောင်းတဲ့ရွာတွေမှာ ပိုက်ဆံပေးပြီးကုန်ပြီ။ ”ဟု ကေအိုင်စီသို့ ပြောသည်။

မေလ ၁၂ရက်နေ့ကလည်း နယ်ခြားစောင့်တပ် BGF အမှတ်((၁၀၁၄) မှ တကောင်ဘိုးကျေးရွာအုပ်စု ဝဲပုံကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများမှ ဒေသခံရပ်မိရပ်ဖများကိုခေါ်ယူကာ ပိုက်ဆံကောက်ခိုင်းခြင်းရှိသည့်အတွက် အဆိုပါကျေးရွာ အုပ်စုထဲတွင်ရှိသည့် ကျေးရွာ ၁၄ရွာမှ ငွေကျပ်ပေါင်း ၁၃၈သိန်းကို ကောက်ခံရရှိပြီး မေလ ၁၆ရက်နေ့တွင် နယ်ခြား စောင့်တပ် BGF ကို ပေးလိုက်ကြောင်း ဒေသခံထံမှ သိရသည်။

စစ်ကောင်စီတပ်မှ ဒေသခံလူထုများကို ဖမ်းဆီးချုပ်နှောင်ပြီး လူသားဒိုင်းအဖြစ် အသုံးပြုခြင်းသည် ပြည်သူလူထု အခွင့် အရေးနှင့် လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ကို ချိုးဖောက်နေခြင်းဖြစ်သည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့မှ စောနန္ဒဆူး က ကေအိုင်စီသို့ ပြောသည်။

၎င်းက “စစ်ကောင်စီက ဒီလိုအသုံးပြုတာဟာ နံပါတ်(၁)အချက်က ရွာသားတွေရဲ့ ဘေးကင်းစွာနေထိုင်ခွင့်နဲ့ လုံခြုံခွင့် အခွင့်အရေးကို ချိုးဖောက်နေတယ်။ ပြီးရင် နံပါတ်(၂)အချက်က လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ကို ချိုးဖောက်တယ်။ ပြီးတော့ ဒီလိုလူသားဒိုင်းအဖြစ် ဖမ်းဆီးချုပ်နှောင်တာတွေဟာ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေကို လည်း ချိုးဖောက်ရာရောက်တယ်။ ”ဟု ကေအိုင်စီသို့ ပြောသည်။

ယင်းသို့ ဖမ်းဆီးခံထားရသူ ဒေသခံပြည်သူများမှာ ပြန်မလွှတ်သေးသည့်အပြင် အဆက်သွယ်မရသဖြင့် ၎င်းတို့ မည် သည့်နေရာ၌ရှိသည်ကို မသိရှိဘဲဖြစ်နေသည်ဟုလည်း အခြားကျေးရွာမှ ၎င်းတို့၏ဆွေမျိုးများက ပြောသည်။

ဘီးလင်းမြို့နယ်တွင် ထွက်ပြေးတိမ်းရှောင်ရသည့် ဒေသခံလူထု စစ်ရှောင်တစ်သောင်းကျော်မှာလည်း မိုးရွာသွန်းသော ကြောင့် ယခင်တိမ်းရှောင်ခိုလှုံသည့် လိုဏ်ဂူနှင့် တောထဲတွင်ဆက်နေရန် အဆင်မပြေတော့သည့်အတွက် အခြားဒေသ ရှိကျေးရွာများတွင် ထပ်မံ ပြောင်းရွှေ့နေထိုင်ကြရသည်ဟု သိရသည်။

https://kicnews.org/2022/05/စစ်ကောင်စီ၏-ဖမ်းဆီးခံထာ/

---------------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်က ၃ ရက် ဆက်တိုက်လက်နက်ကြီးပစ်ခတ်မှုကြောင့် တောင်ကြာအင်းရွာရှိ လူနေအိမ်များထိခိုက်ပျက်စီး

**မေလ ၁၉ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



ကော့ကရိတ်မြို့အခြေစိုက် စစ်ကောင်စီတပ် အမှတ်(၉၇)တပ်ရင်းက မေလ ၁၆ ရက်နေ့မှစပြီး မြို့၏ အနောက်ဘက်ပိုင်းရှိ တောင်ကြာအင်းကျေးရွာများဘက်ကို ယမန်နေ့ ညအထိ ၃ ရက်ဆက်တိုက်အကြောင်းမဲ့ လက်နက်ကြီးပစ်ခတ်မှုလုပ်ဆောင်ခဲ့သဖြင့် နေအိမ်များထိခိုက်ပျက်စီးမှုရှိခဲ့သည်ဟု ဒေသခံများက ပြောသည်။

ကော့ကရိတ်ရှိ စစ်ကောင်စီတပ် အမှတ် (၉၇)တပ်ရင်း၏ အကြောင်းမဲ့ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် လူနေအိမ် ၁၀ လုံးထက်မနည်း ထိခိုက်ပျက်စီးမှုရှိခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

အမည်မဖော်သူ ဒေသခံတစ်ဦးက " ည ၈:၃၀ က စပစ်တာ ၁၀ နာရီလောက်မှ အသံငြိမ်တယ်။ ဒီမနက်ထိအသံ ၂ ချက်ကြားရတယ်၊ ဘုန်းကြီးကျောင်းထဲကိုလည်း ပစ်ထည့်တာ "ဟု ကေအိုင်စီသို့ ပြောသည်။

စစ်ကောင်စီတပ်မှ ယခုလို အကြောင်းမဲ့ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ရာနှင့်ချီသည့် ဒေသခံ ရွာသားများမှာ ကျေးရွာများတွင် မနေရဲကြတော့ဘဲ အသက်ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်နေကြရသည်ဟုလည်း ၎င်းဒေသခံက ဆက်ပြောသည်။

ထို့အတူ ယမန်နေ့ မေလ ၁၈ရက်နေ့တွင် ကရင်ပြည်နယ်၊ မြဝတီတောင်ဘက်ရှိ သေ့ဘောဘိုးကျေးရွာရှိ စစ်ကောင်စီတပ်စခန်းကို KNLA/KNDO ပူးပေါင်းတပ်ဖွဲ့တို့ တက်ရောက်တိုက်ခိုက်သိမ်းယူသည့် ဖြစ်စဉ်ကြောင့် တိုက်ပွဲများပြင်းထန်ပြီး စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ၃၀ ကြိမ်ထက်မနည်း လုပ်ဆောင်ခဲ့သဖြင့် လူနေအိမ်ထိခိုက်ပျက်စီးမှုရှိခဲ့သည်ဟု ဒေသခံများထံမှ သိရ။

https://kicnews.org/2022/05/စစ်ကောင်စီတပ်က-၃-ရက်-ဆက်/

------------------------------------------------------------------------------------------------

## ကွယ်လွန်သူ ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေ အကြောင်း တစေ့တစောင်း

By ရောဝတီ | 19 May 2022

ဖဆပလ အစိုးရခေတ်မှ ယနေ့တိုင် မြန်မာ့နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခဲ့သည် ဝါရင့်နိုင်ငံရေးသမား ကြီး ဦးသုဝေ (၉၀နှစ်) သည် ယမန်နေ့ ည ၇နာရီခန့်က ကွယ်လွန်သွားသည်။

တောင်ငူဇာတိ ဦးသုဝေသည် တက္ကသိုလ်ကျောင်းသားဘဝကတည်းက နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူဖြစ်ပြီး၊ သူပါဝင်လှုပ်ရှားသည့် နိုင်ငံရေးက ထိုခေတ်က လူငယ်များအကြား ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်ခဲ့သည့် လက်ဝဲဝါဒ နိုင်ငံရေးမဟုတ်ဘဲ ပါလီမန်ဒီမိုကရေစီ နိုင်ငံရေးဖြစ်သည်။

ထို့အတွက် တက္ကသိုလ်ကျောင်းသားဘဝတွင် အာဏာရ ဖဆပလအား လိုလားသည့် ဒီမိုကရက်တစ် ကျောင်းသား အဖွဲ့(DSO)တွင် တွဲဘက်အတွင်းရေးမှူးအဖြစ် ပါဝင်ခဲ့သလို ဖဆပလအဖွဲ့တွင် ဗဟိုလူငယ် အဖြစ်လည်ကောင်း၊ ဒု ဝန်ကြီး ချုပ် ဦးကျော်ငြိမ်း၏ အပါးတော်မြဲ အဖြစ်လည်းကောင်းတာဝန်ယူခဲ့သည်။

၁၉၆၂ခုနှစ် ဗိုလ်ချုပ်ကြီး နေဝင်း၏ စစ်တပ်အာဏာသိမ်းမှုက ဒီမိုကရေစီအပေါ် ယုံကြည်သည့် ဦးသုဝေအား လက်နက်ကိုင်တော်လှန်ရေးဘက်သို့ တွန်းပို့လိုက်သကဲ့ဖြစ်ခဲ့ပြီး တော်လှန်ရေးအစိုးရ၏ အထူးအရာရှိရာထူးကို ငြင်း ပယ်ကာ ၁၉၆၅ခုနှစ်တွင် ထိုင်းနိုင်ငံ ရနောင်းသို့ ထွက်ခွာခဲ့သည်။

ထိုမှတဆင့် ဘန်ကောက်မြို့ သို့ သွားရောက်ကာ သမ္မတဟောင်း စဝ်ရွှေသိုက်ကတော် မဟာဒေဝီ စဝ်ဟိန်းခမ်း ၏ အကူအညီဖြင့် မွန်၊ ရှမ်း၊ ကချင်၊ ကရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ်ပြီး တော်လှန်ရေးအတွက် အကူအညီရှာဖွေခဲ့သည်။

ထို့နောက် ထိုင်း- မြန်မာနယ်စပ်သို့ ရောက်လာသည့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်နှင့် အဆက်အသွယ်ရယူခဲ့ ့သလို ဦးနု၊ ဗိုလ်လကျာ်၊ ဗိုလ်စကြာ၊ ဗိုလ်မှူးချုပ် စောကြာဒိုး၊ ဗိုလ်မှူးချုပ် တီကလစ်ဖ်ဦးလောရဲ၊ ဦးဇာလီမော်၊ ဂျင်မီယန်း (ကိုးကန့်စော်ဘွားသား)တို့ပါ ဘန်ကောက်သို့ ရောက်ရှိလာသည့်အတွက် တော်လှန်ရေးကို စတင်လုပ်ဆောင် ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း သခင်နုဦးဆောင်ကာ ပါလီမန်ဒီမိုကရေစီပါတီ (PDP) ဖွဲ့စည်းသည့်အခါ ဦးသုဝေသည် စိတ် ဓာတ်စစ်ဆင်ရေးကော်မတီဥက္ကဋ္ဌ အဖြစ်ပါဝင်ခဲ့သလို နောက်ပိုင်း ပြည်ချစ်လူငယ် တပ်ပေါင်းစုတွင် ဥက္ကဋ္ဌ နှင့် အသံလွှင့်အဖွဲ့ ခေါင်းဆောင်တာဝန်ယူခဲ့သည်။

၁၉၈၀ခုနှစ် မဆလအစိုးရ၏ နိုင်ငံတော်ကောင်စီ ကြေညာချက် အမှတ် ၁ လွတ်ငြိမ်းချမ်းသာခွင့်အရ ဝန်ကြီးချုပ် ဦးနု ဗိုလ်မှူးအောင်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးချုပ် စောကြာဒိုး၊ ရန်ကုန်ဘဆွေ စသည့် PDP ပါတီဝင်များနှင့်အတူ အလင်းဝင်ကာ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့သည်။

ရှစ်လေးလုံးအရေးတော်ပုံအပြီး ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီပါတီ ဒုဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်လျှက် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အနိုင်ရမှုမရှိခဲ့ပေ။

ယင်းနောက် ၁၉၉၃ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တို့တွင် နိုင်ငံရေးလှုပ်ရှားမှုများကြောင့် စစ်အစိုးရက ဖမ်းဆီးထောင်ချ ခဲ့သည့်အတွက် အင်စိန်း အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားအဖြစ် ၁၀ နှစ်ခန့် ထောင်ချခံခဲ့ရသူ လည်းဖြစ် သည်။

ထောင်မှပြန်လည်လွတ်မြောက်လာပြီးနောက် ဦးသုဝေအနေဖြင့် ဒီမိုကရက်တစ်ပါတီ(မြန်မာ)အား တည်ထောင်ကာ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရမှုမရှိခဲ့ပေ။

ဦးသုဝေအနေဖြင့် ငြိမ်းချမ်းဆွေးနွေးမှုနှင့် ပတ်သက်ပြီး နိုင်ငံရေးပါတီများကိုယ်စားပြုအနေဖြင့် ပြည်ထောင်စု ငြိမ်းချမ်း ရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)တွင် ဒုဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။

သို့သော် ဒီမိုကရေစီကိုလိုလားပြီး အာဏာရှင်စနစ်ကို အယုံအကြည်မရှိ ဆိုကာ လက်နက်ကိုင်တော်လှန်ခဲ့သည့် ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေ၏ ဒီမိုကရက်တစ်ပါတီ(မြန်မာ)သည် စစ်တပ်အာဏာမသိမ်းမီက တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သွားရောက် တွေ့ဆုံကာ ရွေးကောက်ပွဲဖြစ်စဉ်တွင် စစ်တပ်က ပါဝင်ဖြေရှင်းရေး တိုက်တွန်းတောင်းဆိုခဲ့သည့် ပါတီ ၃၄ ပါတီတွင် ပါဝင်ခဲ့သည့် ပါတီတခုလည်းဖြစ်ခဲ့ပြန် သည်။

ဦးသုဝေသည် ၁၉၆၈ခုနှစ်တွင် ထိုင်းအမျိုးသမီးနှင့် အိမ်ထောင်ကျကာ သားနှစ်ယောက်၊ သမီး ၁ ယောက်ထွန်းကားခဲ့ သည်။ သူ၏ ဈာပနကို မေလ ၂၀ ရက်နေ့တွင် ရွှေပြည်သာမြို့ ကျူချောင်းသုသာန်တွင် မီးသင်္ဂြိုလ်မည်ဖြစ်ပြီး မေ ၂၄ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အမှတ် ၁၀ ရပ်ကွက် ပြည်တော်သာပတ်လမ်းနေအိမ်တွင် ရက်လည်ဆွမ်းသွတ် မည်ဟု သိရသည်။

https://burma.irrawaddy.com/news/2022/05/19/251942.html

---